မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၈၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

လယ်ယာမြေဧက ၅၀၀၀ကို အကျိုးပြုမည့် ၁၉၇ ခုမြောက် ပြိုင်းချောင်းရေလှောင်တမံဖွင့်လှစ် မိုးစပါးအပြင် နွေစပါးပါ စိုက်ပျိုးနိုင်ပြီး စိုက်စွမ်းအားရာခိုင်နှုန်း ၁၂၀ အထိ တိုးတက်လာမည်

ရန်ကုန် မတ် ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က ရခိုင်ပြည်နယ် စစ်တွေခရိုင် ကျောက်တော်မြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ပြိုင်းချောင်းရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၈ နာရီခွဲက အဆိုပါရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပသည်။

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန် ကျောက်တော်မြို့နယ် ပြိုင်းချောင်းရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(လယ်/ဆည်)

တက်ရောက်

အဆိုပါ ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စစ်တွေခရိုင်နှင့် ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ တောင်သူလယ်သမားများ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ အင်ဂျင်နီယာများ တက်ရောက်ကြသည်။

ပြိုင်းချောင်းရေလှောင်တမံ

ပြိုင်းချောင်းရေလှောင်တမံကို တွေ့ရစဉ်။

(သတင်းစဉ်)

ကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးအတွက် ဦးတည်ချက်(၁၂)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၌ စီးပွားရေးဦးတည်ချက်တွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့်အချက်ကို ထည့်သွင်းဖော်ပြထားကြောင်း၊ ထို့အပြင် တိုင်းနှင့်ပြည်နယ် နယ်မြေဒေသအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု သတ်မှတ် ဆောင်ရွက်နေသကဲ့သို့ မြို့နှင့်ကျေးလက် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းနိုင်သမျှ ကျဉ်းမြောင်းအောင်လည်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးစသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

မိုးလေဝသအခြေအနေ ၁-၄-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီ ၁ ရက်)

မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုအကျိုးဖြစ်ထွန်းစေမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်မှုဖြင့် သမိုင်းစဉ်တစ်လျှောက် အိမ်နီးချင်းကောင်းများ အဖြစ် နေထိုင်ခဲ့ကြသည်။

ယူနန်ပြည်နယ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အခြားပြည်နယ်များထက် မြန်မာနိုင်ငံနှင့် ကူးလူးဆက်ဆံမှုပိုမိုများပြားပြီး စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်းရင်းနှီးဆက်ဆံမှု ပိုမို တိုးတက်လျက် ရှိသည်။

မြန်မာ–တရုတ်(ယူနန်)ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ ဖွင့်ပွဲကို မတ်လ ၂၉ ရက်နေ့က ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့ရာ နှစ်နိုင်ငံ ကုန်သွယ်ရေးအတွက် အားသစ်လောင်းပေးခြင်း ဖြစ်ပေသည်။

ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးပွဲသည် နှစ်နိုင်ငံစီးပွားရေး နယ်ပယ်အသီးသီးရှိ လုပ်ငန်းရှင်များ တွေ့ဆုံခြင်းဖြစ်၍ ပူးပေါင်းဆောင်ရွက်မှုအတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာမည့်အပြင် နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှုသို့ တက်လှမ်းနိုင်ရေးအတွက် အလားအလာကောင်းများပင် ဖြစ်သည်။

နိုင်ငံတော်က ပုံမှန်ကုန်သွယ်မှုစနစ် တိုးတက်ကျင့်သုံးနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များကို အလေ့အကျင့်ကောင်းများရရှိစေရန် ဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိသည်။ အနာဂတ်တွင် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ပြီး တတိယနိုင်ငံအထိ ကုန်သွယ်မှုများ ရှိလာမည်ဖြစ်ရာ ပုံမှန်ကုန်သွယ်မှု စနစ်ကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်သွားရမည် ဖြစ်ပေသည်။

နှစ်နိုင်ငံကုန်သည်များအနေဖြင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့်အပြင် ကုန်သွယ်မှုကိုပါ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရှေးယခင်ကတည်းက ကူးလူးဆက်ဆံခဲ့ကြသည့် အစဉ်အလာများရှိခဲ့သည်သာမက ယနေ့အချိန်အခါတွင်လည်း နယ်ပယ်ကဏ္ဍစုံ ပူးပေါင်းဆက်ဆံမှုများ တိုးတက်လျက်ရှိရာ နှစ်နိုင်ငံကုန်သွယ်ရေး ဆက်ဆံမှုမှသည် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းမြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်မှ ဗိုလ်ကြီး ချစ်ကြွယ် ဦးဆောင်သော တိ=နိ သာသနာပြု ဥပဋ္ဌာက အကျိုးတော်ဆောင်အဖွဲ့ဝင် ၃၀ က ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိ ပိဋ က တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၄၅၀၀၀၀ကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အခြေခံပညာအထက်တန်းအဆင့် ဘာသာပြဆရာများ မွမ်းမံသင်တန်းဖွင့် ပညာရေးဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း အမှာစကားပြောကြား

ရန်ကုန် မတ် ၃၁

ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာပြ ဆရာများ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီခွဲက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အမှာစကား ပြောကြားသည်။ (အောက်ပုံ)

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ မြန်မာ့ပညာရေးအရည်အသွေး မြင့်မားရေး လမ်းညွှန်မှာကြားချက်များနှင့်အညီ အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်းကိုနိုင်ငံတစ်ဝန်းလုံးရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် တစ်ပြိုင်တည်း ဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိကြောင်း၊ ယမန်နှစ်နွေရာသီတွင် အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာများမွမ်းမံသင်တန်းကို ဖွင့်လှစ်ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု သင်တန်းတက်ရောက်ကြသည့် ဆရာ ဆရာမများအနေဖြင့် သင်ကြားမှု အရည်အသွေးတိုးတက်မြင့်မားလာအောင် လေ့လာသင်ယူသွားကြစေလိုကြောင်းနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ သင်တန်းပို့ချမည့် ဆရာ၊ ဆရာမများကလည်း သင်ကြားမှု စွမ်းရည်တိုးတက်မြင့်မားလာအောင် သင်ကြား လေ့ကျင့်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

အလားတူ ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းအဆင့်ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာပြ ဆရာများ မွမ်းမံသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉နာရီခွဲက ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌လည်းကောင်း၊ နံနက် ၁၁ နာရီခွဲက ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၌လည်းကောင်း အသီးသီး ကျင်းပရာ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့် တက်ရောက်အမှာစကား ပြောကြားသည်။

လေ့ကျင့်သင်ကြား

ယခုနှစ်တွင် မတ် ၂၈ ရက်မှစ၍ မေ ၂၅ ရက်အထိ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၃၄ ခု၌ အခြေခံပညာ အထက်တန်းအဆင့် ဓာတုဗေဒဘာသာပြ ဆရာ ဆရာမ ၂၂၀၅ဦး၊ဇီဝဗေဒဘာသာပြ ဆရာ ဆရာမ ၁၇၈၇ဦးနှင့် ဘောဂဗေဒဘာသာပြ ဆရာဆရာမ ၁၅၁၁ဦး စုစုပေါင်း ၅၅၀၃ ဦးကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်းနှင့် ယခင်နှစ်နွေရာသီတွင် အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒ ဘာသာပြ ဆရာ ဆရာမ စုစုပေါင်း ၆၈၅၇ဦးကို မွမ်းမံ သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁–၄–၂၀၀၇

(တနင်္ဂနွေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ ဂုဏ်ပြုကြပါစို့ တရားတော် (အပိုင်း–၁) [အရှင်ဝီရိယ (ဓမ္မဘေရီ–တောင်စွန်း)]
- ၇း၅၅ တေးဂီတအစီအစဉ်
- ၈း၀၅ Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာ ဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
- ၉း၀၀ တေးဂီတအစီအစဉ်
- ၉း၀၅ ပျိုမြစ်နုနယ်သော ကလေးငယ်များ၏အစွမ်း
- ၉း၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၄၅ နိုင်ငံတကာအနုပညာရေးရာ
- ၁၀း၁၅ ခါသကြီးန်အဆိုအက
- ၁၀း၂၀ အံ့ဖွယ်ထူးခြား မာရ်အောင်မြင် ပြည်တော်ပြန်ဘုရား (ဇလွန်မြို့)
- ၁၀း၄၀ တေးဂီတအစီအစဉ်
- ၁၀း၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၅၀ တစ်သက်တာ စိတ်ချမ်းသာဖို့ ဥယျာဉ်ခြံမြေစိုက်ပျိုးစို့
- ၁၁း၀၀ ခါသကြီးန်အဆိုအက
- ၁၁း၀၅ Graphic Design (အပိုင်း–၁) (မြင့်မောင်ကျော်၊ မျိုးမြတ်သူ)
- ၁၁း၄၀ ခါသကြီးန်အဆိုအက
- ၁၁း၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၂း၀၀ သာသနာ့အနွယ်ဝင်သီလရှင်
- ၁၂း၁၅ ခါသကြီးန်အဆိုအက
- ၁၂း၂၀ မိခင်လောင်းများအတွက် အာဟာရ (ဒေါက်တာလှကြည်)
- ၁၂း၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၄၀ ခါသကြီးန်အဆိုအက
- ၁၂း၄၅ တည်ငြိမ်အေးချမ်းစွာ တရားဘာဝနာ အားထုတ်နိုင်စရာ
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း ပွဲစဉ်		ပြသမည့်လိုင်း
၈း၃၀	ပွဲကြိုသုံးသပ်ချက်–၁	5-Sports
၉း၀၀	ပွဲကြိုသုံးသပ်ချက်–၂	5-Sports (Live)
၉း၂၅	Tottenham-Reading	5-Sports (Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း ပွဲစဉ်		ပြသမည့်လိုင်း
၇း၃၀	Inter Milan-Parma	5-Series (Live)
၁း၀၀	Udinese -Lazio	5-Sports (Live)

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ငွေမြင့်ကြွယ်ကားပစ္စည်းဆိုင် ၁၀ရပ်ကွက် နတ်မောက်လမ်းနေ ဦးပေါ်ကြွယ်–ဒေါ်ခင်မြင့် မိသားစုတို့က ဆွမ်း၊ ဆေး၊အထွေထွေ အဆောက်အအုံနှင့် ငွေပဒေသာပင် ငွေကျပ် ငါး သိန်း ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အာဆီယံနိုင်ငံများရှိ သမိုင်းဝင်အဆောက်အအုံများနှင့် အခြား ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများ ထိန်းသိမ်းမှု နည်းလမ်းများနှင့် နည်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

အမှာစကားပြောကြား

အာဆီယံနိုင်ငံများရှိ သမိုင်းဝင် အဆောက်အအုံများနှင့် အခြားယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ ထိန်းသိမ်းမှုနည်းလမ်းများနှင့် နည်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ ဖွင့်ပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၃၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် အာဆီယံနိုင်ငံများရှိ သမိုင်းဝင် အဆောက်အအုံများနှင့် အခြားယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ ထိန်းသိမ်းမှုနည်းလမ်းများနှင့် နည်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ (Symposium on Conservation Method and Techniques of Historical Buildings and other Cultural Properties in ASEAN) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ပုဂံဟိုတယ်၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ အဖွင့်အမှာ စကားပြောကြား သည်။

တက်ရောက်

အဆိုပါ စာတမ်းဖတ်ပွဲ အခမ်းအနားသို့ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်၊ သမိုင်းသုတေသနဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီဥက္ကဋ္ဌ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များ၊ ညွှန် ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံနိုင်ငံများမှ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ပညာရှင်များ၊ သုတေသီများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ယဉ်ကျေးမှုထိန်းသိမ်း

စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားရာ၌ အာဆီယံနိုင်ငံများရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ပျက်စီးပြုန်းတီးစေခြင်းသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ဆုံးရှုံးစေရုံသာမက၊ လူသား အားလုံးအတွက် နစ်နာဆုံးရှုံးမှုများပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုစာတမ်းဖတ်ပွဲသည် အာဆီယံဒေသတွင်းရှိ ပညာရှင်များချစ်ခင်ရင်းနှီးပွင့်လင်းစွာဖြင့် ဆွေးနွေးအမြင်ခြင်း ဖလှယ်နိုင်စေရန်နှင့် အာဆီယံယဉ်ကျေးမှုအမွေအနှစ်များကို ပူးပေါင်း၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြသည်ကို ပြသသည့်ပွဲဖြစ်ကြောင်း၊ ယခုစာတမ်းဖတ်ပွဲသည် တစ်နည်းအားဖြင့် အာဆီယံယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း ကွန်ရက်လုပ်ငန်းကို တစ်စိတ်တစ်ပိုင်းအားဖြင့် အကောင်အထည်ဖော်ခြင်းလည်းဖြစ်ကြောင်း။

ပိုမိုရှေးကျ

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတွင် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းခြင်းဆိုင်ရာ အတွေ့အကြုံများကို အနည်းငယ်ရှင်းလင်းပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံသည် အလွန်ကြီးကျယ် ခံ့ညားသည့် ယဉ်ကျေးမှုသမိုင်းကြောင်းရှိသော နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ထွန်းကားခဲ့သော ယဉ်ကျေးမှုသည် အီဂျစ်နိုင်ငံ ပိရမစ်များ တည်ဆောက်သောခေတ်နှင့် ရောမယဉ်ကျေးမှုထွန်းကားခဲ့သော ခေတ်ကာလများထက် ပိုမိုရှေးကျ ခိုင်မာခဲ့ကြောင်း။

အံ့မခန်း

မြန်မာလူမျိုးများ၏ သမိုင်းမတင်မီခေတ်မှ သမိုင်းတင်ခေတ်အဆက်ဆက်တိုင်အောင် ရှည်လျားခဲ့သော ယဉ်ကျေးမှုသမိုင်းကြောင်းသည် ကြားရသူများအားလုံးအတွက် အံ့မခန်းလောက်ဖွယ်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ရှေးအကျဆုံး လူသားများသည် မြန်မာနိုင်ငံ၏ ပုံတောင်ပုံညာဒေသတွင် အခြေချ နေထိုင်ခဲ့ကြသည်ကို ၁၉၀၀ပြည့်နှစ်များကပင် ရှာဖွေတွေ့ရှိခဲ့ကြကြောင်း၊ ဤရှာဖွေတွေ့ရှိမှုသည် မြန်မာလူမျိုးများအတွက်သာမက နိုင်ငံအသီးသီးရှိ ကမ္ဘာ့ လူသားအားလုံးအတွက် အံ့မခန်းလောက်သော ရှာဖွေတွေ့ရှိမှုဖြစ်ကြောင်း။

လူသားအစ

မြိုင်မြို့နယ် ဖန်းကန်ကျေးရွာနှင့် ပုလဲမြို့နယ် မိုးကောင်းကျေးရွာတို့တွင် တွေ့ရှိခဲ့သော လူသားမျိုးနွယ်တို့၏ မေးရိုးနှင့် အန်သွားများပါဝင်သော ကျောက်ဖြစ်ရုပ်ကြွင်းများသည် မြန်မာလူမျိုးတို့၏ လူသားအစ အရင်းအမြစ်များဖြစ်သည်ဟု ယုံကြည်ကြကြောင်း။

ခိုင်မာထင်ရှား

ၾင်းကျောက်ဖြစ် ရုပ်ကြွင်းများသည် ပုံတောင်ပရိုင်းမိတ် ဖြစ်စဉ်တွင် Amphipithecus ဖြစ်ပြီး Pondaungia Cotteria ဟု ခေါ်ဝေါ်ကြောင်း၊ လွန်ခဲ့သော နှစ်သန်းပေါင်း ၄၀ခန့်က လူတူမျိုးနွယ်များဟု လေ့လာသိရှိရကြောင်း၊ ထိုကဲ့သို့ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ရှာဖွေတွေ့ရှိရခြင်းသည် မိမိတို့ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအားလုံးသည် အသီးတစ်ရာအညှာတစ်ခု ဟူသော ဆိုရိုး စကားအတိုင်း ဘိုးဘွားစဉ်ဆက်တစ်ခုတည်းမှ ဆင်းသက်လာခဲ့သည်ကို ခိုင်မာထင်ရှားစွာ ပြသနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

အာဆီယံနိုင်ငံများရှိ သမိုင်းဝင် အဆောက်အအုံများနှင့် အခြားယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ ထိန်းသိမ်းမှုနည်းလမ်းများနှင့် နည်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

အကျိုးရလဒ်ပြည့်စုံ

မြန်မာသုတေသီများသည် ဂျပန်နိုင်ငံကျိုတို တက္ကသိုလ်မှ ပရိုင်းမိတ်သုတေသီပညာရှင်များနှင့် ပူးပေါင်း၍ သုတေသနလုပ်ငန်းများကို ၁၉၉၈ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ အရှေ့အာရှပရိုင်းမိတ်ဆင့်ကဲဖြစ်စဉ်ဆိုင်ရာ အရေးကြီးသောရှာဖွေတွေ့ရှိမှုများကို အကျိုးရလဒ်ပြည့်စုံစွာဖြင့်တွေ့ရှိခဲ့ကြကြောင်း။

ယနေ့မြန်မာ

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဆိုင်ရာအထောက်အထားများကိုလည်း မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ရှာဖွေတွေ့ရှိခဲ့ပြီး ယခုအခါ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ ပျူခေတ်ဆိုင်ရာ ရှာဖွေတွေ့ရှိမှုများနှင့် ပတ်သက်၍ တကောင်းသည် ပျူရှေးမြို့ဟောင်းများတွင် ရှေးအကျဆုံးဖြစ်ကြောင်း၊ မြန်မာသုတေသီများသည် ပျူလူမျိုးများဆိုင်ရာ ရှေးဟောင်းသုတေသနအထောက်အထားများကို တကောင်းတွင် ရှာဖွေတွေ့ရှိထားပြီး ဖြစ်ရာ ရှေးခေတ် ပျူလူမျိုးများသည် ယနေ့ မြန်မာများဖြစ်ကြသည်ဟု မြန်မာ့သမိုင်းပညာရှင်များက ကြေညာနိုင်ခဲ့ကြပြီဖြစ်ကြောင်း။

ဆက်လက်၍ မြန်မာ့သမိုင်းခေတ်အဆက်ဆက်တွင် အင်ပါယာထူထောင်နိုင်သည်အထိ အောင်မြင် ကြီးကျယ်စွာ မြန်မာဘုရင်အဆက်ဆက်ကစွမ်းဆောင်နိုင်ခဲ့ကြောင်း။

အမျိုးသားရေးတာဝန်

တပ်မတော်အစိုးရလက်ထက်တွင် ပြည်သူလူထုတစ်ရပ်လုံးက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မိမိတို့၏ အမျိုးသားရေးတာဝန်အဖြစ် ခံယူထားကြကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးနှင့် အရေးပါအရာရောက်ပုံကို သေချာစွာ သိရှိ သဘောပေါက်ထား၍လည်း ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း ရေးဆိုင်ရာလုပ်ငန်းရပ်များတွင် အများ ပြည်သူတစ်ရပ်လုံးက တက်ကြွစွာ ထိထိရောက်ရောက် ပါဝင်ပူးပေါင်းကူညီ ဆောင်ရွက်လျက် ရှိကြကြောင်း။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ် ပေါများကြွယ်ဝသော အာဆီယံဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့ဖြစ်၍ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးဆိုင်ရာလုပ်ငန်းရပ်များတွင် ယခုထက် ပိုမို၍ ကျယ်ကျယ် ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ကြရန် ဆန္ဒပြုပါကြောင်း။

သာဓကပြ

မြန်မာနိုင်ငံသည်အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းကို ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နယ်မြေတွင် နေ့ညမရွေး လှည့်လည်သွားလာလျက်ရှိသော ကမ္ဘာလှည့် ခရီးသည်များက သက်သေပြလျက်ရှိသည့်အပြင် ဘာသာရေး လွတ်လပ်ခွင့်နှင့် တန်းတူညီမျှရှိမှုကိုလည်း ပုဂံဒေသနှင့် မြန်မာနိုင်ငံဒေသအနှံ့အပြား၌ အမျိုးမျိုးသော ယုံကြည်ကိုးကွယ်မှုများအလိုက် တည်ဆောက်ထားကြသော ဘာသာရေး အဆောက်အအုံများက သက်သေ သာဓက ပြသလျက်ရှိကြောင်း။

သာယာဝပြော

နိဂုံးချုပ်အနေဖြင့် ယနေ့ကျင်းပမည့် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ ပညာရှင်များ၊ သုတေသီများနှင့် လေ့လာသူများအနေဖြင့် ပုဂံဒေသ၏ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုများနှင့် ပုဂံဒေသ၏ ကျက်သရေပြည့်စုံမှုကို လှည့်လည်ကြည့်ရှုရင်း မြန်မာနိုင်ငံ၏ အေးချမ်းသာယာဝပြောမှုကို မျက်မြင်ကိုယ်တွေ့ လေ့လာကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနား အပြီးတွင် ဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စတင်ကျင်းပ

ယင်းနောက်စာတမ်းဖတ်ပွဲ ပထမနေ့ကို အဆိုပါပုဂံဟိုတယ်၌ နံနက် ၁၁ နာရီတွင် စတင်ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းနှင့် မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်တို့က သဘာပတိများအဖြစ်ဆောင်ရွက်ကြပြီး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖြေကြား

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ National Heritage Board , Heritage Conservation Centre မှ Ms. Loh Heng Noi က အာဆီယံဒေသတွင်းရွှေ့ပြောင်းနိုင်သော ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဆန်းစစ်လေ့လာခြင်း၊ (Conservation of Moveable Cultural properties the ASEAN) စာတမ်းကိုဖတ်ကြား၍ Power Point ဖြင့်ရှင်းလင်း တင်ပြပြီး တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Senior Conservationist and Trainer, Mr.Hubertus sadirin က အာဆီယံ ဒေသတွင်း ရှေးဟောင်း သုတေသနဆိုင်ရာနှင့် သမိုင်းဆိုင်ရာ အဆောက်အအုံများ ထိန်းသိမ်း စောင့်ရှောက်ခြင်း (Conservation of Archaeological and Historical Monuments in ASEAN) စာတမ်းကို လည်းကောင်း၊ သမိုင်းသုတေသနဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်က မြန်မာနိုင်ငံ၏ မော်ကွန်းဝင်ပေ၊ ပုရပိုက်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း (Preservation and Conservation of Archival Manuscripts in Myanmar) စာတမ်းကိုလည်းကောင်း Power Point ဖြင့် ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် သဘာပတိ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်က နိဂုံးချုပ်စကား ပြောကြားကာ ပထမနေ့ စာတမ်းဖတ်ပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

တရုတ် ရုပ်မြင်သံကြားစက်များ ချက်နိုင်ငံ၌ ပထမဆုံးထုတ်လုပ်

ပေကျင်း မတ် ၃၁

တရုတ်နိုင်ငံ၏ ထိပ်တန်း ရုပ်မြင်သံကြားထုတ်လုပ်သည့် စီချွမ်ချောင်ဟောင် အီလက်ထရွန်နစ်ကုမ္ပဏီသည် ချက်နိုင်ငံ၌ ပထမဆုံး စက်ရုံတည်ဆောက်လျက် ထုတ်လုပ်ခဲ့ကြောင်း ယင်းကုမ္ပဏီရပ်ကွက်က မတ် ၂၉ ရက်တွင် အတည်ပြု ပြောကြားသည်။

အဆိုပါ ထုတ်လုပ်ရေးစီမံကိန်းသည် ပင်လယ်ရပ်ခြား၌ ပထမဆုံး ထုတ်လုပ်ခြင်းဖြစ်ပြီး စီမံကိန်းတစ်ခုလုံးကို ၎င်းကုမ္ပဏီက ပိုင်ဆိုင်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံ

ယင်း စီမံကိန်းအတွက် ၎င်းကုမ္ပဏီက အမေရိကန်ဒေါ်လာ ၁၀ သန်း ရင်းနှီးမြှုပ်နှံထားပြီး စက်ရုံမှာ စတုရန်းမီတာ ၁၀၀၀၀ ကျယ်ဝန်းသည်။

ထုတ်လုပ်

ယင်းစက်ရုံမှ ရုပ်မြင်သံကြားစက်တစ်နှစ်လျှင် တစ်သန်းထုတ်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ၎င်းကုမ္ပဏီသည် ၂၀၁၀ပြည့်နှစ်တွင် ပင်လယ်ရပ်ခြား ရုပ်မြင်သံကြား ရောင်းချမှုများမှ ၃၀-၅၀ရာခိုင်နှုန်း ရှိလာမည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ငါးဖမ်းလှေပေါ်တွင် ရှားပါးပင်လယ်လိပ်များ မလေးရှားရဲတပ်ဖွဲ့ ဖမ်းဆီးရမိ

ကွာလာလမ်ပူ မတ် ၃၁

မလေးရှား ပင်လယ်ပြင်လုံခြုံရေးရဲတပ်ဖွဲ့သည် ယခုသီတင်းပတ်အတွင်း ငါးဖမ်းလှေတစ်စီးပေါ်တွင် သယ်ဆောင်လာသော ရှားပါးပင်လယ်လိပ်ကောင်ရေ ၂၂၀ ခန့်အား ဒုတိယအကြိမ်အဖြစ် သိမ်းဆည်းရမိကြောင်း၊ တရုတ်လူမျိုး ၁၇ ဦးအား တရားမဝင် ငါးဖမ်းမှုနှင့် ဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက မတ် ၂၉ ရက်၌ ပြောကြားသည်။

မလေးရှားရေပိုင်နက်အတွင်း နှစ်ကြိမ်တိုင်တိုင် လိုက်လံဖမ်းဆီးမှုမှ ပင်လယ်လိပ် ကောင်ရေ ၃၀၀ ခန့်ကို ပြန်လည်ရရှိခဲ့သည်။ပင်လယ်လိပ်အများစုမှာ သေဆုံးလျက်ရှိပြီး ၎င်းတို့အား တရုတ်ဆေးဝါးများ ပြုလုပ်ရာတွင် အသုံးပြုရန်နှင့်ပင်လယ်လိပ်ခွံနှင့်အရေပြားများအား ဖက်ရှင်အသုံးအဆောင်ပစ္စည်းများပြုလုပ်ရန်အတွက်ဖြစ်သည်။

အသက်ရှင်

မတ် ၂၉ ရက်က ဖမ်းဆီးရရှိခဲ့သော ပင်လယ်လိပ်ကောင်ရေ ၂၂၀ တွင် အကောင်၂၀သာအသက်ရှင်လျက်ရှိပြီး မတ် ၂၆ ရက်က ဖမ်းဆီးရမိခဲ့သည့် ပင်လယ်လိပ်ကောင်ရေ ၇၈ကောင်တွင် ငါးကောင်သာ အသက်ရှင်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းစာတစ်စောင်တွင် ဖော်ပြပါရှိသည်။ ပင်လယ်လိပ် အားလုံးအား မလေးရှား ငါးလုပ်ငန်းဌာနသို့ လွှဲပြောင်းပေးလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရေနံသန့်စင်စက်ရုံ

တရုတ်နိုင်ငံ ဂျီလင်မြို့ရှိ ပတ်ထရိုချိုင်းနား ရေနံကုမ္ပဏီပိုင် ရေနံသန့်စင်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မတ် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဓာတ်မြေသြဇာများတင်ပို့

တောင်ကိုရီးယားနိုင်ငံ ရှီဆုမြို့ရှိ နက်ပိုဆိပ်ကမ်းတွင် သင်္ဘောပေါ်သို့ ဓာတ်မြေသြဇာအိတ်များ တင်နေသည်ကို မတ်၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ယာဉ်မတော်တဆဖြစ်ပွားမှု လျော့ကျရေး အေပက်အစည်းအဝေး၌ သြစတြေးလျဝန်ကြီးတိုက်တွန်း

ကင်ဘာရာ မတ် ၃၁

အာရှ-ပစိဖိတ်ဒေသအတွင်း မော်တော်ယာဉ်မတော်တဆဖြစ်ရပ်များ လျော့ကျရေးကို နိုင်ငံတကာက ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန် သြစတြေးလျနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးဝန်ကြီး မက်ဗာလီက မတ် ၂၈ ရက်၌ တိုက်တွန်းလိုက်သည်။

သြစတြေးလျနိုင်ငံ တောင်ပိုင်း အဒီလိုင်ဒီမြို့တွင် ကျင်းပသည့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်)ဝင်နိုင်ငံများမှပို့ဆောင်ရေး ဝန်ကြီးများညီလာခံအဖွင့်နေ့၌ မက်ဗာလီက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်ခန့်တွင် အာရှ-ပစိဖိတ်ဒေသ၌ မော်တော်ယာဉ် မတော်တဆမှု နှစ်ဆခန့် လျော့နည်းကျဆင်းရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများ၏ ခန့်မှန်း သုံးသပ်ချက်အတိုင်း ဖြစ်ပေါ်လာစေရန်လည်း ၎င်းက မှတ်ချက်ပြုသွားခဲ့သည်။

စုပေါင်းဆောင်ရွက်

အာရှ-ပစိဖိတ်ဒေသတွင် နေ့စဉ်လူပေါင်း ၁၀၀၀ကျော်မှာ မော်တော်ယာဉ်မတော်တဆမှုကြောင့် သေဆုံးနေရလျက်ရှိရာ မော်တော်ယာဉ်များဘေး အန္တရာယ်ကင်းဝေးရေးနှင့် လမ်းများ ပိုမိုကောင်းမွန်ရေးတို့ကို နိုင်ငံများစုပေါင်းဆောင်ရွက်ကြရန်လည်း သြစတြေးလျနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးဝန်ကြီးမက်ဗာလီက ပြောကြားသည်။

တိုက်တွန်း

ထို့အပြင် အာရှ-ပစိဖိတ်ဒေသအတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အကြမ်းဖက်တိုက်ခိုက်မှုများကိုဆန့်ကျင်တိုက်ဖျက်သွားရေး၊လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရေးစသည့် လုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်ကြရန် မက်ဗာလီက တိုက်တွန်း ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင်ပိုင်း ဘိုင်ရာပြည်နယ်တွင် ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီး များအား မတ် ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံက ကိုယ်ပိုင်ဒုံးခွင်းဒုံး စတင်ဖြန့်ကြက်

တိုကျို မတ် ၃၁

ဂျပန်နိုင်ငံသည် ဆိုင်တမာစီရင်စု လေတပ်အခြေစိုက်စခန်း၌ မတ် ၃၀ရက်က ပထမဆုံး မြေပြင်အခြေစိုက် ပီအေစီ-၃ဒုံးပျံကာကွယ်ရေးစနစ်ကို စတင်ဖြန့်ကြက် ချထားလိုက်သည်။

တပ်ဆင်ထား

အဆိုပါ လေတပ်အခြေစိုက်စခန်း၌ တပ်ဆင်ထားသော ပီအေစီ-၃ လောင်ချာနှစ်ခုသည် ဂျပန်နိုင်ငံ၏ ကိုယ်ပိုင်ဒုံးပျံ ကာကွယ်ရေးစနစ်များ ဖြစ်သည်။

ယင်းဒုံးခွင်းလောင်ချာများသည် ဒုံးကျည်၁၆လုံး တင်ထားနိုင်ပြီး ကီလိုမီတာဒါဇင်အချို့ကို ကာကွယ်ပေးနိုင်ကြောင်း၊ ယင်းမှာ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနိုင်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ်၌ တစ်ပိုင်းလျှပ်ကူး စက်ရုံတည်ဆောက်မည်

ဟန္နိုင်း မတ် ၃၁

ကမ္ဘာ့အကြီးဆုံး ချပ်ပြားထုတ်လုပ်သည့် အင်တဲလ်ကုမ္ပဏီက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ အကုန်အကျခံလျက် ပထမဆုံးသော တစ်ပိုင်းလျှပ်ကူးစက်ရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယင်းမှာ ၂၀၀၉ခု နှစ်လယ်တွင် ပြီးစီးမည်ဖြစ်ကြောင်း ဒေသထုတ် လူငယ်သတင်းစာက ရေးသားဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွား

ပေကျင်း မတ် ၃၁

တရုတ်နိုင်ငံ မြောက်ပိုင်းတွင် မတ်၂၉ရက်က ကျောက်မီးသွေးတွင်းတစ်တွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားသဖြင့် လူ၂၆ဦး သေဆုံးသွားခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးကြောင့် နှစ်ဦးသေဆုံး

ဂျကာတာ မတ် ၃၁

အင်ဒိုနီးရှားနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွား၍ လူနှစ်ဦးသေဆုံးခဲ့ကြောင်း၊ အင်ဒိုနီးရှား၌ H_5N_1ကူးစက်မှုကြောင့် သေဆုံးသူ အရေအတွက်မှာ ၇၁ဦးအထိ ရှိလာစေခဲ့ကြောင်း ၎င်းကျန်းမာရေးဝန်ကြီးဌာနက မတ်၂၉ ရက်တွင် ပြောကြားသည်။

ယခုသေဆုံးသူနှစ်ဦးမှာ အနောက်ဆူမားတြားမှ အသက် ၁၄ နှစ်အရွယ်ရှိ ယောက်ျားလေးတစ်ဦးနှင့် ဂျကာတာမှ အသက် ၂၈ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးတို့ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယခုနှစ် ပထမသုံးလအတွင်း ဗီယက်နမ် ကော်ဖီတင်ပို့မှုမြင့်တက်

ဟန်ွိုင်း မတ် ၃၁

ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ် ပထမသုံးလအတွင်းတွင် ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၉၅ သန်းတန်ဖိုးရရှိရန် သတ်မှတ်ထားပြီး နှစ်ချင်းအလိုက် တိုးတက်မှု ၁၃၃ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကြောင်း ပြည်တွင်းစက်မှုလုပ်ငန်းအေဂျင်စီက မတ် ၂၈ ရက်က ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီနှင့် မတ်အတွင်း ပြည်ပသို့ သင်္ဘောဖြင့် ကော်ဖီတင်ပို့မှုမှာ တန်ချိန် ၄၈၂၀၀၀ ရှိခဲ့ပြီး ၈၃ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ဥရောပနိုင်ငံများ၊အမေရိကန်၊ ဂျပန်နှင့် စင်ကာပူနိုင်ငံများသို့ အဓိကတင်ပို့ခဲ့ကြောင်း ဗီယက်နမ် ကော်ဖီနှင့် ကိုကိုးအဖွဲ့က ပြောကြားသည်။

ဒုတိယအကြီးဆုံး

ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုသည် ကမ္ဘာပေါ်တွင် ဘရာဇီးနိုင်ငံပြီးလျှင် ဒုတိယအကြီးဆုံးကော်ဖီတင်ပို့သည့် နိုင်ငံဖြစ်သည်။

ကော်ဖီစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုတွင် ပြည်တွင်း ကော်ဖီစိုက်ပျိုးသူများနှင့် လုပ်ငန်းရှင်များပူးပေါင်း၍ နည်းပညာနှင့် အသုံးပြုပစ္စည်းများအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားသင့်ကြောင်း၊ ဗီယက်နမ်နိုင်ငံအတွင်းရှိ ကော်ဖီတင်ပို့သူအများစုမှာ ငွေကြေးဆိုင်ရာထောက်ပံ့မှု၊ ကုန်သွယ်ရေးအတတ်ပညာနှင့်သတင်းအချက်အလက်ဆိုင်ရာ စွမ်းဆောင်မှုများ အားနည်းနေကြကြောင်း အဆိုပါအဖွဲ့ အစည်းက ပြောကြားသည်။

တင်ပို့

ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်အတွင်းတွင် ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ကော်ဖီတန်ချိန် ၈၉၇၀၀၀ တင်ပို့နိုင်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ဇီအန်မြို့၌ မီးရထားသံလမ်းများ ပြန်လည်ပြုပြင်ရေးဆောင်ရွက်နေသည်ကို မတ် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ ကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၃၁

အီရတ်နိုင်ငံတွင် မတ်၂၇ ရက်က အကြမ်းဖက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရခဲ့ကြောင်း အမေရိကန်စစ်ဘက်က မတ် ၂၈ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

ကြေညာ

အမေရိကန်သံရုံးနှင့် အီရတ်အစိုးရအဖွဲ့ ရုံးစိုက်ရာ ဘဂ္ဂဒက်မြို့၏ အစိမ်းရောင်ဒေသတွင် မော်တာနှင့် ဒုံးကျည်များ ပစ်ခတ်မှုကြောင့် ဆက်နွှယ်မီးလောင်မှုဖြစ်ပွားရာ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့မှ တာဝန်ကျတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရကြောင်း ယင်းစစ်ဘက်က ကြေညာခဲ့သည်။

သေဆုံး

အီရတ်နိုင်ငံ အနောက်ပိုင်းရှိ စစ်မက်ဖြစ်ပွားရာ အန်ဘာပြည်နယ်တွင် တိုက်ပွဲဖြစ်ပွား၍ ၎င်းနှင့် အပေါင်းပါတပ်ဖွဲ့မှ တာဝန်ကျကမ်းတက် တပ်သားတစ်ဦး သေဆုံးကြောင်း အခြားသတင်းတွင် ဖော်ပြသည်။

အမေရိကန်နှင့် အပေါင်းပါများ အီရတ်နိုင်ငံကို စတင်ကျူးကျော်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လကတည်းက ယနေ့အထိ ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၃၂၄၅ဦး သေဆုံးခဲ့ပြီးဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

စင်ကာပူနှင့် အင်ဒိုနီးရှား နယ်နိမိတ်ဆိုင်ရာ အစည်းအဝေးကျင်းပ

စင်ကာပူ မတ် ၃၁

စင်ကာပူနှင့်အင်ဒိုနီးရှား နှစ်နိုင်ငံတို့၏ တတိယအကြိမ်မြောက်နယ်နိမိတ်ဆိုင်ရာ အစည်းအဝေးကို အနာဂတ်ကာလတွင် ဆက်လက် ဆောင်ရွက်သွားမည်ဟူသော ဆုံးဖြတ်ချက်နှင့်အတူ စင်ကာပူ၌ မတ် ၂၉ ရက်က ပြီးဆုံးခဲ့သည်။

ဆွေးနွေး

စင်ကာပူနိုင်ငံတွင် နှစ်နိုင်ငံမှ ကိုယ်စားလှယ်များက နှစ်ရက်ကြာတွေ့ဆုံ ဆွေးနွေးခဲ့ကြပြီးနောက် ရှေ့လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်သွားကြရေးကို ချစ်ခင်ရင်းနှီးစွာ ပြုလုပ်နိုင်ခဲ့ကြသည်ဟု ပူးတွဲအစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

သဘောတူညီ

ထို့အပြင် ပင်လယ်ပြင် ရေပိုင်နက်နှင့် ပတ်သက်ပြီး သုံးစွဲကြမှုအပေါ် နှစ်ဦးနှစ်ဖက်စလုံးက ရိုးသားစွာ တင်ပြဆွေးနွေးခဲ့ကြပြီး ပင်လယ်ပြင် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း သဘောတူညီမှုတစ်ရပ် ရရှိခဲ့သည်။

စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့ နယ်စပ်ဆိုင်ရာ အစည်းအဝေးများကို ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး လာမည့်အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **အင်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်အကြား လူစီးရထား ပြေးဆွဲမည်

နယူးဒေလီ မတ် ၃၁

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကာလကတ္တားမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ပိုင်း ဒါကာမြို့အကြား လာမည့်နှစ်လအတွင်း လူစီးမီးရထားပြေးဆွဲရန် အိန္ဒိယနိုင်ငံ မီးရထားလုပ်ငန်းမှ စီစဉ်ထားကြောင်း အင်ဒို–အာရှသတင်းဌာနက မတ်၂၈ရက်တွင် ဖော်ပြသည်။

ပြေးဆွဲမည်

ကာလကတ္တားမြို့ရှိ ဆီးလ်ဒက်မီးရထားဘူတာရုံနှင့် ဒါကာမြို့ရှိ ဂျိုင်ဒက်ပူရာမီးရထားဘူတာရုံအကြား ခုတ်မောင်းပြေးဆွဲမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ အရှေ့ပိုင်းမီးရထားလုပ်ငန်းမှ မန်နေဂျာက ထပ်လောင်းပြောကြားသည်။

ပြင်ဆင်

နှစ်နိုင်ငံကြားနယ်စပ်များကို နေ့စဉ်ဖြတ်သန်းပြေးဆွဲမည်ဖြစ်သည်။ အဆိုပါရထားတွင် တွဲ ၁၀ တွဲ ပါရှိသည်။ အိန္ဒိယနိုင်ငံ မီးရထားလုပ်ငန်း အာဏာပိုင်များက မီးရထားလမ်းပိုင်းများ ပြင်ဆင်ခြင်းနှင့် အခြားဥမင်လိုဏ်ခေါင်းများ ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အကြီးဆုံး နဂါးရုပ်ကြီး

အကြီးဆုံး နဂါးရုပ်ကြီး တစ်ခုကို စုပေါင်း ပြုလုပ်နေကြစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ဟီနန်ပြည်နယ် အလယ်ပိုင်း လူယန်မြို့တွင် အရှည် ၅၀၅၆မီတာရှိသော နဂါးရုပ်ကြီး တစ်ခုကို ပြုလုပ်လျက်ရှိသည်။ ၎င်းနဂါးရုပ်ကြီးဖြင့် လာမည့်ဧပြီ ၁၀ရက်၌ ကျင်းပမည့် တရုတ်ရိုးရာပွဲတော်တွင် စုပေါင်းကပြကြမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

စက်ဘီးစီးနိုင်သော စက်ရုပ်

စက်ဘီး စီးပြနေသော စက်ရုပ်တစ်ရုပ်ကို တွေ့ရစဉ်။

(ဝဲပုံ)

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသော ဆက်သွယ်ရေးလုပ်ငန်းများဆိုင်ရာ ထုတ်ကုန်ပစ္စည်းများပြပွဲ၌ စာအိတ်များထည့်ထားသော ကျောပိုးအိတ်တစ်ခုကို လွယ်ပြီး စက်ဘီးစီးနင်းပြနိုင်သည့် စက်ရုပ်တစ်ရုပ်ကို ပြသခဲ့ကြောင်း သိရသည်

(အင်တာနက်)

အင်ဒိုနီးရှား အနောက်ပိုင်း၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

ဂျကာတာ မတ် ၃၁

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းပေါ်ရှိ ဆင်းဂ်ကလူပြည်နယ်အနီးတွင် မတ် ၂၈ ရက် ညနေခင်းပိုင်းက အင်အား ၅ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်ခဲ့ကြောင်း သိရသည်။

ယင်းငလျင်သည် မတ် ၂၉ရက် ဒေသစံတော်ချိန် ည ၁၁နာရီ ၈မိနစ် ၄၅ စက္ကန့်တွင် ဘင်းဂ်ကလူပြည်နယ် ဘင်တူဟာ၏ အနောက်တောင်ဘက် ၈၇ ကီလိုမီတာတွင် ဗဟိုပြု၍ ပင်လယ်အောက်တွင်လှုပ်ကြောင်း မိုးလေဝသ ဇလဗေဒနှင့် ဘူမိရူပဗေဒဌာန(ဘီအမ်ဂျီ)က မတ် ၂၉ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

သတင်းထုတ်ပြန်ချိန်တွင် အထိအခိုက် အပျက်အစီးမရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီစည်းဝေး တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်

နေပြည်တော် မတ် ၃၁

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၉/၂၀၀၇)အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များမှ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အလေးအနက်ထား

ရှေးဦးစွာ တိုင်းမှူးက နေပြည်တော်ဒေသအတွင်း ပြည်သူများ လွယ်ကူအဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရေးအတွက် ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲသွားနိုင်ရေး ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ယာဉ်စီးခနှုန်းထားများကိုလည်း သတ်မှတ်နှုန်းထားများအတိုင်းသာ ကောက်ခံသွားရန်နှင့် သတ်မှတ်နှုန်းထားများထက်ကျော်လွန်၍ တောင်းခံသော ယာဉ်လိုင်းများနှင့် သတ်မှတ်ခရီးသည်ထက် ပိုမိုတင်ဆောင်သောယာဉ်လိုင်းများအား စိစစ် အရေးယူသွားမည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆောင်ရွက်မှုများကို ပိုမိုထိရောက် အောင်မြင်စေရန်အတွက် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်း၊ ဗီဒီယိုရုံများ၌ ဗီဒီယိုမပြသမီ ယာဉ်စည်းကမ်း ပညာပေးဇာတ်လမ်းများ ပြသသွားရေးအလေးအနက်ထား ဆောင်ရွက်သွားရန်တို့ကိုမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ယခင်အစည်းအဝေး မှတ်တမ်းအား ဖတ်ကြားတင်ပြပြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အရေးယူဆောင်ရွက်မှုအခြေအနေများနှင့်ယာဉ်တိုက်မှုအခြေနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဆပ်ကော်မတီ ဥက္ကဋ္ဌများ၊ မြို့နယ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက တစ်ပတ်အတွင်း ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစည်းညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးက ယာဉ်တိုက်မှု၊ သေဆုံးမှု၊ ဒဏ်ရာရရှိမှုများ လျော့နည်းသည်ထက် လျော့နည်းအောင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့် လုပ်ဆောင်သွားရေး ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ၊ ဆိုင်ကယ် သုံးယောက်စီးသူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရေး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘားအံမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ

ရန်ကုန် မတ် ၃၁

ဘားအံမြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ် သက်ကြီးပူဇော်ပွဲကို ဧပြီ၂၂ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် အသင်းတည်ရာ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း မြရတနာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသက်(၇၀)နှင့်အထက် အသင်းဝင်များ၊ အသင်းဝင်များ၏ မိဘ၊ ဘိုးဘွားများ စာရင်းကို ဗိုလ်မှူးအောင်ဆန်း(ငြိမ်း) ဖုန်း-၂၀၁၄၂၀၊ ဦးစောထင်ဝင်း ဖုန်း-၅၇၀၅၅၇၊ဦးစိုးမြင့် ဖုန်း-၀၉-၅၁-၈၃၁၀၂၊ ဦးသန်းရွှေ ဖုန်း-၅၄၈၂၀၉၊ ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၁၆၉၂၂၊ ဦးစောကျော်ငြိမ်း ဖုန်း-၀၉-၅၀-၀၂၁၂၄၊ ဦးဉာဏ်ဝင်း ဖုန်း-၀၉-၈၀-၂၂၂၄၇၊ ဒေါ်နန်းအေးအေးမိုး ဖုန်း-၅၀၄၂၈၅တို့သို့ ဧပြီ၈ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြရန်နှင့် သက်ကြီးပူဇော်ပွဲသို့ အသင်းဝင်များ၊ မြို့နယ်သူ၊ နယ်သားမိသားစုများ မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။ **(က-ပ)**

ဂရင်းရွိုင်ရယ်တံခွန်စိုက်ဂေါက်သီးရိုက်ပိုလ်လုပွဲ မြို့တော်ဂေါက်ကွင်း(မြကန်သာ)၌ ကျင်းပမည်

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. ကအဓိက ကူညီပံ့ပိုးပေးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆော့ဗ် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲကို (Grand Royal Special Reserve Golf Championship 2007)၏ ဗိုလ်လုပွဲကို ဧပြီ၆ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရှိ မြို့တော်ဂေါက်ကွင်း (မြကန်သာ)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများ၏ နောက်ဆုံးဗိုလ်လုပွဲသို့ ပြီးခဲ့သည့် ပြိုင်ပွဲများတွင် ကျင်းပခဲ့သော မန္တလေးမြို့၊ တောင်ကြီးမြို့၊ မော်လမြိုင်မြို့နှင့် ရန်ကုန်မြို့တို့မှ အနိုင်ရရှိခဲ့ကြသော အပျော်တမ်းဂေါက်သီးရိုက် အားကစားသမား ငါးဦးစီတို့အား System 36 စနစ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့် သွားမည်ဖြစ်သည်။

ကျင်းပမည်

ယင်းပြိုင်ပွဲ၏ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် Myanmar PGA နှင့်ပူးပေါင်းပြီး Proam ပြိုင်ပွဲကို ဧပြီ ၈ရက်နံနက်ပိုင်းတွင် ယင်းဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲ၏ Main Sponsor မှာInternational Beverages Trading Co., Ltd. ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay, Hotel Nikko, Srixon နှင့် Alpine တို့က အသီးသီးကူညီကြမည်ဖြစ်သည်။ နောက်ဆုံး ဗိုလ်လုပွဲကို Final Round ဂေါက်သီးရိုက် ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးရောက်ရှိ ဝန်ကြီး ဒေါက်တာကျော်မြင့် ကြိုဆိုနှုတ်ဆက်

ရန်ကုန် မတ် ၃၁

ပဉ္စမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့်ဆွေးနွေးပွဲ အစီအစဉ်အရ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Mongkol Na Songkhla ဦးဆောင်သော ထိုင်းနိုင်ငံ ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။ **(အပေါ်ပုံ)**

အဆိုပါ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Mongkol Na Songkhla ဦးဆောင်သော ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Pasas Prasasvinitchai နှင့် ဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် နှောင်းတန်ခူးလပြည့်နေ့ (ဥပုသ်နေ့)
၁-၄-၂၀၀၇ရက်(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ

၈:၁၅ ၇။ အတီးပြိုင်ပွဲ

၈:၃၀ ၈။ International News

၈:၄၅ ၉။ Say it in English

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၄၀ ၄။ Yan Can Cook

၁၁:၅၅ ၅။ မြန်မာရုပ်ရှင် **"ကညာပျိုနဲ့ဇရာအို"** ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ ခင်သန်းနု၊ စံရှားတင် (ဒါရိုက်တာ-ဘိတ်ကလာတဲ့ ငံပြာရည်)

၁၄:၀၀ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ကျောက်ကလပ်မှ မျှင်ငပိနှင့် ငံပြာရည်လုပ်ငန်း)

၁၄:၁၀ ၇။ အရေးပြိုင်ပွဲ

၁၄:၂၀ ၈။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"** စိုးသူ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)

၁၄:၃၅ ၉။ တိပိဋကသာသနာ့အာဇာနည် ပေါ်ထွန်းစေဖို့ရည်

၁၄:၄၅ ၁၀။ International News

၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ English for Everyday Use

၁၆:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]

၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၁၇:၃၀ ၇။ ဆိုကြမယ် ပျော်ကြမယ်

၁၈:၀၀ ၈။ ညနေခင်းသတင်း

၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၀။ သီရိဂေဟာ

၁၉:၀၀ ၁၁။ သာခုခေါ်ဆိုဖွယ်ရာ အလင်းအလှူတော်မင်္ဂလာ

၁၉:၁၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သမားတော်"** (အပိုင်း-၁၅)

၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းနှင်းဆီ"** (အပိုင်း-၆)

၁၇။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

ဗဟန်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့်ထောက်ပံ့ငွေပေးအပ်

ရန်ကုန် မတ် ၃၁

ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၀၆ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ထောက်ပံ့ငွေ ပေးအပ်ခြင်းအခမ်းအနားကို မတ်၂၅ရက် နံနက် ၉နာရီက နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမတွင်ကျင်းပရာ စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ၂၅၄ ဦး၊ အရန် အဖွဲ့ဝင် ၆၀တို့ တက်ရောက်ကြသည်။

ဂုဏ်ပြုချီးမြှင့်ငွေ

အခမ်းအနားတွင် သဘာပတိအဖြစ် ဗိုလ်ချုပ်အောင်ခင် (ငြိမ်း) **(အောက်ပုံ)**က ဆောင်ရွက်ပြီး အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့၏ ၂၀၀၆ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို မြို့နယ်စည်းရုံးရေးကော်မတီအတွင်းရေးမှူးဗိုလ်မှူးဝင်းကျော် (ငြိမ်း)က ဖတ်ကြားတင်ပြသည်။

ထို့နောက်အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်း ၇၀၊ မသန်စွမ်းစစ်သည် ၃၀တို့အား ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ဆက်လက်ပြီး ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူး၊ လေးဘာသာဂုဏ်ထူးနှင့် နှစ်ဘာသာဂုဏ်ထူးတို့ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီး ခုနစ်ဦးတို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ **(က-ပ)**

ပန်းတဉ်းတန်းအာရုံတော်ဝတ်အသင်းဓမ္မာရုံ သင်္ကြန်တွင်းမိုးကုတ်အထူးတရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် ပန်းတဉ်းတန်း အာရုံတော်ဝတ်အသင်းဓမ္မာရုံတွင် သင်္ကြန်တွင်းမိုးကုတ်အထူးတရားစခန်းကို ဧပြီ၁၃ရက်မှ ၁၇ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ နံနက်၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာတိုက် ရွှေလှိုင်ကျောင်းဆရာတော် ဘဒ္ဒန္တသံဝရဇောဓိအရှင်သူမြတ်က သီလပေးပြီး နိဗ္ဗာန်ရောက်ကြောင်းတရားများဟောကြားမည်ဖြစ်သည်။ မွန်းလွဲ၂နာရီတွင် စမ်းချောင်းမြို့နယ်၊ ဥယျာဉ်တိုက် မဏိရတနာကျောင်း၊ မိုးကုတ်အဖွဲ့ချုပ် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပညာဇောတအရှင်သူမြတ်က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်တရား၊ သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ်တရား၊ နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၂၁၂၀၉၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တမြင့်မားရန်ရည်ရွယ် မျိုးဆက်သစ်လူငယ်များအား သင်တန်းပေး ဒေသအကျိုးအတွက် ပြည်သူနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် မတ် ၃၁

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ဦးစီးဖွင့်လှစ်ခဲ့သည့် နွေဦးအားမာန် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်းပွဲကို မတ်၂၅ရက် ညနေပိုင်းက ပျော်ဘွယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာမြင့်မားရန် ရည်ရွယ်ချက်ဖြင့် မျိုးဆက်သစ်လူငယ်များအား သင်တန်းပေးခြင်းသည် မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းပေးခြင်း ဖြစ်သဖြင့် ပိုမိုထူးချွန်သော အနာဂတ်လူငယ်မျိုးဆက်သစ်များ ဖြစ်ထွန်းလာရန် လိုအပ်ချက်ကို နိုင်ငံတော်က ဖြည့်ဆည်းပေးခြင်းပင်ဖြစ်ကြောင်း၊ မိမိဒေသအကျိုးအတွက် ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရေး ရှင်းလင်းဆွေးနွေးမှာကြားသည်။

ဆုများချီးမြှင့်ပေး

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကိုလည်းကောင်း၊ တာဝန်ရှိသူများက ထူးချွန်ဆု ရရှိသူများကို လည်းကောင်း ဆုများချီးမြှင့်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ဖွင့်လှစ်ခဲ့

အဆိုပါ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းကို ပျော်ဘွယ်မြို့နယ်ရှိ အခြေခံပညာ ကျောင်း၁၉၁ ကျောင်း၌ မတ် ၁၀ရက်မှ ၂၅ရက်ထိ ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူ တစ်သောင်းကျော် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်)တိုးချဲ့ မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း မြွာရုံလမ်း အမှတ်(၇၃)နေ ဦးစံကြွယ်-ဒေါ်တင်ငြိမ်း၊ သမီး မစန်းစန်းမြင့်၊ သား ကိုကျော်ကျော်လွင်၊ မလှမြတ်စံ၊ မြေး မောင်ဥက္ကာမင်း၊ သား ကိုနိုင်လင်း-မသင်းနန္ဒာဦး၊ သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် အမေရိကန်ဒေါ်လာ၁၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာန နာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အိန္ဒိယနိုင်ငံပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

စက်မှု(၂) ဝန်ကြီးဗိုလ်ချုပ်စောလွင်အား တရုတ်ကုမ္ပဏီကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၃၁

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်အား China CAMC Engineering Co.,Ltd.မှ Vice President, Mr. Wang Bo ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၈ ရက် ညနေ ၄နာရီက နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှင်ဣန္ဒက တရားပွဲ

ရန်ကုန် မတ် ၃၁

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာမေ္တာရုံကြီးတွင် မဟာသင်္ကြန်အကျနေ့(ဧပြီ၁၄ရက်) မွန်းလွဲ ၂နာရီအချိန်တွင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ်မှ မိုးညှင်း အရှင်ဣန္ဒက(ကမ္မဋ္ဌာနာ စရိယ ဓမ္မာစရိယ) ဆရာတော်အရှင်သူမြတ်သည် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် အစည်းအဝေးတက်ရောက်ရန် တောင်အာဖရိကနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် မတ် ၃၁

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘာ့စ်မြို့၌ ဧပြီ ၂ရက်မှ ၅ရက်အထိ ကျင်းပမည့်"ပဥ္စမအကြိမ်ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ဂုဏ်သိက္ခာကာကွယ်ထိန်းသိမ်းရေးမျက်နှာစုံညီ ဝန်ကြီးအဆင့် အစည်းအဝေး"သို့ တက်ရောက်ရန် မတ် ၂၉ရက် မွန်းလွဲပိုင်းက နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယရှေ့နေချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ဒုတိယရှေ့နေချုပ်များ ဖြစ်ကြသော ဦးမြင့်နိုင်နှင့် ဦးထွန်းထွန်းဦး၊ ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်နှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

လိုက်ပါသွား

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အတူ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမြင့် လိုက်ပါသွားသည်။

တက်ရောက်မည်

အစည်းအဝေးတက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်နှင့်အတူ တောင်အာဖရိကဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမြင့်တို့လည်း တက်ရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပ အလက(၁) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၁

မြောက်ဥက္ကလာပမြို့နယ် အလက(၁) ပွင့်ကောင်းကျောင်း ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ၁ရက်(တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။ ၁၉၆၀ပြည့်နှစ်မှ ၂၀၀၇ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ကြီးများနှင့် ၁၉၆၀ပြည့်နှစ်မှ ၁၉၈၀ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဆရာဦးသန်းထွန်းတင့်(ကျောင်း) ဖုန်း-၆၉၉၃၆၃၊ ဦးသိန်းစိုး ဖုန်း-၀၉-၉၉၇၁၂၆၁၊ ဦးဇော်မင်း ဖုန်း-၀၉-၅၁၄၀၂၆၆၊ ဦးဆန်းမြင့် ဖုန်း-၆၉၉၃၉၇၊ ဦးဝင်းဗိုလ် ဖုန်း-၀၉-၅၁၈၀၉၈၅ နှင့် ဦးဆန်းအေး ဖုန်း-၆၉-၀၅၇၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)သို့ ဆေးတက္ကသိုလ်(၁) ရန်ကုန်ကျောင်းသား၊ ကျောင်းသူများလေ့လာ

ရန်ကုန် မတ် ၃၁

ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသား ကျောင်းသူ ၁၀၃ဦးတို့သည် ဆေးတက္ကသိုလ်(၁) ရန်ကုန် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ဆရာမများ ဦးဆောင်လျက် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံသို့ ယမန်နေ့နံနက် ၉နာရီက ရောက်ရှိလေ့လာကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်ဒေါက်တာဒေါ်ခင်မြဝင်းက ပညာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း အသေးစိတ် ရှင်းလင်း ပြောကြားကြသည်။**(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှုလေ့လာ

ယင်းနောက် လေ့လာရေးအဖွဲ့ဝင် ကျောင်းသား ကျောင်းသူများသည် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဘက်စုံအဆောက်အအုံအတွင်းရှိ ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနမူကြိုကျောင်းများသို့ လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၂၆ရက်က တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၈) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို နဂါးနီကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ကျော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ်တွင် ၁၉၈၈ခုနှစ်မတိုင်မီက မိုးစပါးဧက ၇ဒသမ၉သိန်းသာ စိုက်ပျိုးခဲ့ ယခုနှစ်၌ မိုးစပါးဧက ၁၂ဒသမ ၀၅သိန်း စိုက်ပျိုးခဲ့၊ လာမည့်နှစ်တွင် ဧက ၁၂ဒသမ ၁သိန်းစိုက်ပျိုးမည်

■ ရှေ့ဖုံးမှ

ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက အားထားရသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက မိုးစပါးဧက ၇ဒသမ၉သိန်းသာ စိုက်ပျိုးခဲ့ရာက ယခုနှစ်တွင် မိုးစပါးဧက ၁၂ဒသမ၀၅သိန်းအထိ တိုးချဲ့စိုက်ပျိုးရိတ်သိမ်း နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ လာမည့်နှစ်တွင်လည်း မိုးစပါးလျာထားဧက ၁၂ဒသမ ၁သိန်း ပြည့်မီအောင် စိုက်ပျိုးခြင်းနှင့် အတူတစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း၁၀၀ ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

အထောက်အကူပြု

ထို့အပြင် အမယ်သစ်သီးနှံဖြစ်သော ငရုတ်ကောင်းဖြစ်ထွန်းသည့် ရခိုင်ပြည်နယ်၌ ငရုတ်ကောင်းတိုးချဲ့စိုက်ပျိုးခြင်းနှင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နှစ်ရှည်ပင်ဖြစ်သော ရော်ဘာစိုက်ပျိုးခြင်းကို ပြည်နယ်တွင်း လုပ်ငန်းရှင်များက စိတ်ဝင်တစားဖြင့် ရှိပြီးသား မြေလွတ်မြေရိုင်းများကို ရယူပြီးဆောင်ရွက်ကြခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ ယခုဆိုလျှင် ငရုတ်ကောင်း၂၄၅၉၆ဧက စိုက်ပျိုးပြီး အသီးခူးဧက ၃၀၇၃နှင့် ရော်ဘာစိုက်ပျိုးပြီးဧက ၁၄၁၇၅ဧက၌ အစေးခြစ်ဧက ၈၇၁ရှိနေပြီ ဖြစ်ကြောင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးတွင် အခြေခံကျသည့် စက်သုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲက ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဆောင်ရွက်စေလျက်ရှိရာတွင် မိမိတို့ရခိုင်ပြည်နယ်ကလည်း သုံးနှစ်စီမံကိန်းဖြင့် ၂၀၀၆ခုနှစ်တွင် စိုက်ဧက တစ်သိန်း၊ ၂၀၀၇ခုနှစ်တွင် စိုက်ဧက နှစ်သိန်း၊ ၂၀၀၈ခုနှစ်တွင် စိုက်ဧက နှစ်သိန်း စုစုပေါင်း သုံးနှစ်အတွင်း စိုက်ဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးသွားရမည် ဖြစ်ကြောင်း။

တည်ဆောက်ပေးခဲ့

ပြည်နယ်၊ တိုင်းများတွင် ဒေသလိုအပ်ချက်နှင့်အညီ ဆည်များ၊ တာတမံများကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ရာ ယနေ့ဖွင့်လှစ်သည့် ကျောက်တော်မြို့နယ် ပြိုင်းချောင်းရေလှောင်တမံသည် ၁၉၇ခုမြောက်မြေသားတမံ ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာကဏ္ဍအသီးသီး၌ ပါဝင်ဆောင်ရွက်ကြရာတွင် မိမိတို့နိုင်ငံသည် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရာသူများတွေ တစ်လှမ်းလှမ်းက မိမိတို့ သုံးလှမ်းလောက် လှမ်းနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ယှဉ်ပြီး ရင်ပေါင်တန်း လိုက်နိုင်အောင် ပြည်သူတို့၏ လူနေမှုဘဝ အဆင့်မြင့်မားအောင်၊ မိမိတို့ နောင်လာနောက်သားများ မပင်မပန်းလုပ်ကိုင်နေထိုင်စားသောက်နိုင်အောင် မိမိတို့ တာဝန်ယူသည့် လက်ထက်၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံတွင် အချိန်လု၍ ကျုံးရှန်းလုပ်ကိုင်နေကြရကြောင်း၊ အခြားမျှော်လင့်ချက်၊ ရည်ရွယ်ချက်များမရှိဘဲ နိုင်ငံတော်နှင့် လူမျိုး၏ ရေရှည်အကျိုးအတွက်သာ မျှော်မှန်းပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တစ်တိုင်းတစ်ပြည်လုံး ကွက်လပ်မကျန် တိုးတက်ရေး၊ ဒေသတစ်ခုနှင့် တစ်ခုကွာဟမှုများ အတတ်နိုင်ဆုံး ကျဉ်းမြောင်းစေရေးတို့ကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ဓနစွမ်းအား တိုးတက်ရေး၊ လူမှုရေး အဆင့်အတန်း မြင့်မားရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ကို အင်တိုက် အားတိုက် ဆောင်ရွက်ရာတွင် အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့၏ အလုပ်စွမ်းအားဖြင့် ပူးပေါင်းပါဝင်ရန် အထူး လိုအပ်ကြောင်းကိုလည်းကောင်း၊ ယခုအခါ နိုင်ငံတော်၌ ဆည်တမံလုပ်ငန်းပေါင်း ၂၀၀ နီးပါးခန့်ကို တည်ဆောက် အကောင်အထည်ဖော်ပြီးဖြစ်၍ ဆည်တမံအမျိုးအစားမျိုးစုံကို ကျွမ်းကျွမ်းကျင်ကျင် တည်ဆောက်နိုင်အား ရှိနေပြီဖြစ်ကြောင်း၊ ထို့အတူရေအားလျှပ်စစ် စီမံကိန်းများ ပူးတွဲပါလျှင်လည်း မိမိကိုယ်တိုင် ဒီဇိုင်းဆွဲ၊ မိမိကိုယ်တိုင် တည်ဆောက်လုပ်ကိုင်နိုင် အားရှိရမှာ ဖြစ်ကြောင်း၊ အထူးသဖြင့်အသေးစား ရေအားလျှပ်စစ်လုပ်ငန်းများကို တည်ဆောက်ရာ၌ ကိုယ်စွမ်းကိုယ်စဖြင့် ကိုယ်တိုင် လုပ်ကိုင်နိုင်စွမ်းရှိရမှာဖြစ်ကြောင်း၊ သို့မှသာ ဆည်တမံလုပ်ငန်း ရော ရေအား လျှပ်စစ်လုပ်ငန်းပါ ကြန့်ကြာမှုမရှိ တစ်ပြိုင်တည်း တည်ဆောက်ပြီးစီးနိုင်ပြီး ပြည်သူများအနေဖြင့် မြန်မြန် အကျိုးကျေးဇူးခံစားရမှာ ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ တည်ဆောက်ခဲ့သည့် ဆည်တမံများအနက် အချို့ဆည်တမံများမှာ နှစ်ကြာလာသည်နှင့်အမျှ ပြုပြင်မွမ်းမံထိန်းသိမ်းမှု လုပ်ငန်းများကို အချိန်မှန်မှန် အလေးထားလုပ်ကိုင်သွားရန် လိုအပ်နေပြီ ဖြစ်ကြောင်း၊ ဆည်ရေသောက် စနစ်အချို့၌ ပြန်လည်ပြုပြင်ရမည့် အပိုင်းများကိုသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်အဆင့် စစ်ဆေးကြပ်မတ်ကွပ်ကဲမှုများဖြင့် ပုံမှန် ထိန်းသိမ်းပြုပြင်မွမ်းမံသွားကြရန်လို ကြောင်း၊ ဆည်ရေသောက် ဧရိယာများ၌ ဖြစ်ထွန်းအောင်မြင်ပြီး ဝင်ငွေရရှိသည့် သီးနှံအမယ်သစ်များကို တိုးချဲ့စိုက်ပျိုးလာအောင်လည်း အားပေးသွားကြရန်ဖြစ်ကြောင်း"**ဖြင့် မှာကြားခဲ့ကြောင်း။

အမှာစကား ပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦး အမှာစကား ပြောကြားစဉ်။ (လယ်/ဆည်)

ပြိုင်းချောင်းတမံ

ကျောက်တော်မြို့နယ်သည် မိုးရေချိန် တစ်နှစ်ပျမ်းမျှ လက်မ၁၉၀ ရွာသွန်းသော်လည်း ယခင်က မိုးရာသီကုန်ဆုံးသည့်အခါ ပူပြင်းခြောက်သွေ့ပြီး သီးထပ်စိုက်ပျိုးနိုင်ခြင်းမရှိခဲ့သော်လည်း ယခုအခါ ပြိုင်းချောင်းပေါ်တွင် ရေလှောင်တမံတည်ဆောက်၍ ရေ ၂၅၀၂၅ ဧကပေ သိုလှောင်ပြီး နွေစပါး ဧက ၄၀၀၀ သို့မဟုတ် သီးနှံစိုက်ပျိုးမြေဧရိယာ ဧက ၅၀၀၀ ကို ရေသွင်း စိုက်ပျိုးနိုင်တော့မည်ဖြစ်သည့် အပြင် ပတ်ဝန်းကျင်သို့လည်း လျှပ်စစ်ဓာတ်အား ပေးဝေနိုင်မည်ဖြစ်ကြောင်းကို သိရှိရကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် အခါမလပ် ကြပ်မတ်လမ်းညွှန်ပေးလျက်ရှိကြောင်း၊ လမ်းညွှန် ချက်များအပေါ် ဝန်ကြီးဌာန အနေဖြင့်လည်း နယ်မြေဒေသအလိုက် စိုက်ဧကများ တိုးတက်ဖော်ထုတ်နိုင်ရေး၊ တစ်ဧကသီးနှံအထွက်နှုန်းများ တိုးတက်ရေး၊ သီးနှံများ အကြိမ်ကြိမ် စိုက်ပြီး သီးနှံစိုက်စွမ်းအား တိုးမြှင့်လာစေရေးတို့အတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအလိုက် ရှိနေသည့် သဘာဝအခြေအနေပေါ် မူတည်ပြီး အကြီးစား၊ အလတ်စား၊ အငယ်စား ရေလှောင်တမံများကို နယ်မြေအလိုက် ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ယခုကဲ့သို့ ရေလှောင်တမံ စီမံကိန်းများနှင့် ရေရရှိရေးစီမံကိန်းများ ကြောင့် နိုင်ငံတော်၏ နယ်မြေတိုင်း၌ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မား လာသည့် အကျိုးရလဒ်များ ရရှိနေပြီ ဖြစ်ကြောင်း၊ ၁၉၈၈–၈၉ခုနှစ်က စုစုပေါင်း သီးနှံစိုက်ဧက ၂၃ဒသမ၈သန်း ရှိခဲ့ရာက ယခုစုစုပေါင်းသီးနှံစိုက်ဧက ၄၆ဒသမ၃၄သန်းကျော်အထိ တိုးတက်လာပြီဖြစ်ကြောင်း၊ သီးနှံအသားတင် စိုက်ဧကအနေဖြင့် ၁၉၈၈–၈၉ခုနှစ်က ဧက၁၉ဒသမ၉သန်းရှိခဲ့ရာက ယခု ဧက၂၉ဒသမ၃၇သန်းရှိနေပြီဖြစ်ကြောင်း၊ ရေသောက်ဧရိယာသည်လည်း ၅ ဒသမ ၂၇၈ သန်း အထိ တိုးတက်လာပြီး ရေသောက်ဧရိယာအပါအဝင် စိုက်ပျိုး မြေများ၌ သီးနှံများအကြိမ်ကြိမ် စိုက်ပျိုးလာနိုင်သည့်အတွက် သီးနှံစိုက် စွမ်းအားလည်း ၁၅၇ရာခိုင်နှုန်းကျော် ရှိလာပြီဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ အနေဖြင့် နိုင်ငံတော်၏ ထုတ်လုပ်မှု တန်ဖိုးသည် ၄၀ဒသမ၂ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးနိုင် လာခဲ့ကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

ခြံစည်းရိုးကြက်ဆူပင်သည် နိုင်ငံတော်အတွင်း ဒေသမရွေး၊ မြေအမျိုးအစားမရွေး ရှင်သန်ဖြစ်ထွန်းနိုင်သည့် အဖိုးတန်သီးနှံပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက် အရ ခြံစည်းရိုးကြက်ဆူပင်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးနေကြပြီဖြစ်ကြောင်း၊ စိုက်ပျိုးထားပြီးဖြစ်သည့် ခြံစည်းရိုး ကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းရေးနှင့် သတ်မှတ်စိုက်ဧကအတိုင်း အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယခုဖွင့်လှစ်လိုက်သည့်ပြိုင်းချောင်း ရေလှောင်တမံသည် သဘာဝအခြေ အနေပေးမှုအပေါ် တည်ဆောက်ထားသည့် အလတ်စားရေလှောင်တမံတစ်ခု ဖြစ်ပြီး တပ်မတော်အစိုးရလက်ထက် ၁၉၇ခုမြောက် ဖွင့်လှစ်လိုက်သည့် ရေလှောင်တမံစီမံကိန်း ဖြစ်ကြောင်း။

အကုန်အကျခံ

ရေလှောင်တမံကို နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ၂၉၉၈၅ဧကပေ ရှိသည့် ပြိုင်းချောင်းကို ပိတ်ပြီး ရေဧကပေ ၂၄၂၉၀ သိုလှောင်နိုင်အောင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ပင်မတမံအမြင့် ၁၀၆ပေရှိပြီး ကုန်းကျောတမံလေးခုပါဝင်ကြောင်း၊ ပင်မတမံ အလျားမှာ ပေ ၈၆၀ရှိပြီး ကုန်းကျောတမံများမှာ တမံအလျားပေ ၉၂၅ပေ ရှိကြောင်း၊ နိုင်ငံတော်ကငွေကျပ် သန်းပေါင်း၄၄၆၀ အကုန်အကျခံ တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း။

ဤရေလှောင်တမံ အနေဖြင့် ကျောက်တော်မြို့နယ်အတွင်း ကျေးရွာအုပ်စုငါးခုက လယ်ယာမြေဧက ၅၀၀၀ ကို အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ဤဒေသ၌ မူလက မိုးစပါး တစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခု မိုးစပါး အပြင် ဒုတိယသီးထပ်နွေစပါးပါ ထပ်မံ စိုက်ပျိုးနိုင်အောင် ရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း၊ မူလ သီးနှံစိုက်စွမ်းအားရာခိုင်နှုန်း ၁၀၀ ကနေ ရာခိုင်နှုန်း ၁၂၀ အထိ တိုးတက်လာတော့မည်ဖြစ်ကြောင်း။

ကျေးဇူးတင်

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ဦးဦးထွန်းရွှေက ပြိုင်းချောင်း ရေလှောင်တမံကို တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားသည်။

နံ့သာရည် ပက်ဖျန်း

ထို့နောက် မင်္ဂလာအချိန်တွင် တိုင်းမှူးက စက်ခလုတ်နှိပ်၍ ပြိုင်းချောင်းရေလှောင်တမံဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့် ဧည့်သည်များက ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖဲကြိုးဖြတ်၍ ပြိုင်းချောင်းရေလှောင်တမံကို ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး၊ ဝန်ကြီးတို့သည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခမ်းအနားသို့တက်ရောက်လာသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက်တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ကြည့်ရှု

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ရှုရပ်အမြင့်ပိုင်းမှ ပြိုင်းချောင်း ရေလှောင်တမံ၏ ပင်မတမံ၊ ရေထုတ်ပြွန်၊ ရေသိုလှောင်ရရှိမှု၊ ရေပိုလျှံနှင့် ပင်မမြောင်းမှ ဆည်ရေပေးဝေမှုတို့ကို ကြည့်ရှုကြသည်။

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ကျောက်တော်မြို့နယ် ပြိုင်းချောင်းရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (လယ်/ဆည်)

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က ပြိုင်းချောင်းရေလှောင်တမံ စီမံကိန်းတည်ဆောက်ခဲ့မှုနှင့် လုပ်ငန်းများမှတ်တမ်းတင်ထားရှိမှုတို့ကိုပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) မှ တာဝန်ခံများနှင့် ရခိုင်ပြည်နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ အား စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေး၊ ရေပေးမြောင်းများကြံ့ခိုင်ရေး၊ ဆည်ရေပေးဝေရေး ကိစ္စကို မှာကြားကာ လိုအပ်ချက်များကို ပံ့ပိုး ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် ပြိုင်းချောင်း ရေလှောင်တမံ၏ ရေထုတ်ပြွန်နှင့် ရေပိုလျှံ အဆောက်အအုံ တို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြိုင်းချောင်းရေလှောင်တမံသည် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မင်ဒန်းကျေးရွာအနီး၌ ရေဆင်းဧရိယာ ၅ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ၂၉၉၈၅ ဧကပေ ရှိသည့် ပြိုင်းချောင်းပေါ်တွင် တည်ဆောက် ထားပြီး အမြင့် ၃၈ပေ၊ အလျား ၉၂၅ ပေ ရှိသည်။

သံကူကွန်ကရစ် အမျိုးအစား ရေထုတ်ပြွန်သည် အကျယ် လေးပေ၊ အမြင့် ခြောက်ပေရှိကာ အလျားပေ ၆၃၀ ရှိပြီး အသေးစားရေအားလျှပ်စစ် ထုတ်ယူနိုင်ရန် လျှပ်စစ်ဓာတ်အား ထုတ် ပိုက်တပ်ဆင်ထားသည်။ ရေပိုလျှံသည် အကျယ်ပေ ၃၀၊ အလျားပေ ၅၅၀ ရှိသည်။ ဆည်ရေသောက် စနစ်တွင် တူးမြောင်းမကြီးသည် ရှစ်မိုင်ရှည်၍ လက်တံမြောင်းများသည် ၁၃ မိုင်ရှည်ကာ တူးမြောင်းအဆောက် အအုံ ၁၆၃ ခု ပါရှိသည်။

တင်ပြ

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက်တော်မြို့နယ် စပါးဆိပ်ကျေးရွာတစ်ဝိုက်တွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ ကျောက်တော်မြို့နယ် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မန်နေဂျာ ဦးအောင်ကျော်က စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး ပြည်နယ်မြန်မာ့ စိုက်ပျိုးရေး လုပ်ငန်း မန်နေဂျာဦးဝင်းမြင့်က စိုက်ပျိုး နည်းစနစ် နည်းပညာပေးမှုနှင့် မျိုးလဲလှယ်ပေးမှု အခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ကူညီပေး

စပါးဆိပ်ကျေးရွာ တစ်ဝိုက်တွင် ယခင်က နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိဘဲ မိုးစပါးတစ်သီးသာ စိုက်ပျိုးရာမှ ယနေ့ ဖွင့်လှစ်လိုက်သော ပြိုင်းချောင်းရေ လှောင်တမံက ပေးဝေသည့်ရေဖြင့် ကျေးရွာအုပ်စု(၃)စုတွင် နွေစပါးဧက ၁၀၀၀ ကျော်ပထမဦးဆုံးအကြိမ်စိုက်ပျိုး နိုင်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးထားသည့် စပါးခင်းများ ပန်းတိုင်အထွက်နှုန်း ကျော်လွန်၍ တောင်သူများ စီးပွားဖြစ် ထွန်းစေရန် ဒေသဆိုင်ရာ အဖွဲ့အစည်း များနှင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများက ကူညီဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြိုင်းချောင်းရေလှောင်တမံ

ပြိုင်းချောင်းရေလှောင်တမံသည် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မင်ဒန်းကျေးရွာ အနီး၌ ရေဆင်းဧရိယာ ၅ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ၂၉၉၈၅ ဧကပေ ရှိသည့် ပြိုင်းချောင်းပေါ်တွင် တည်ဆောက်ထား။ အမြင့် ၃၈ပေ၊ အလျား ၉၂၅ ပေ ရှိ။

ရွှေဟောင်းစေတီတော် အရံ(၄၂)ဆူ ထီးတော်တင်ပွဲ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညို

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းတွင် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ဖက်တောကျေးရွာရှိ ရွှေဟောင်းစေတီတော်အရံ (၄၂)ဆူ ထီးတော်တင်ပွဲနှင့် အလှူရှင် ဦးသိန်းအောင်နှင့် ဒေါ်တင်တင်မိုးတို့ ဆောက်လုပ်လှူဒါန်းသော ရွှေလမင်းကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဝန်ကြီးနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တပ်ကုန်းမြို့ ငွေတောင်တောရ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီရိ ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဦးသိန်းအောင်နှင့် ဒေါ်တင်တင်မိုးတို့က လှူဒါန်းသော သာစည်ရွာ၊ ထန်းတပင်ရွာ၊ ကြက်သွန်ခင်းရွာနှင့် ကန်ဦးကျေးရွာများသို့ ဆက်သွယ်ဖောက်လုပ်ထားသော အရှည် နှစ်မိုင်ခွဲရှိ မြေသားလမ်းဖွင့်ပွဲသို့ တက်ရောက်ပြီး ဝန်ကြီးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်အဖွဲ့သည် ပျော်ဘွယ်မြို့ အရှေ့ဘက်ရှိ သမိုင်းဝင်မင်းရာမစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၍ အလှူရှင် ဦးအိထွေးက လှူဒါန်းသော ဘုရားကြီး၏ ဘက်စုံမွမ်းမံပြင်ဆင်မှုနှင့် ဓမ္မာရုံတည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းနေ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးခန့်နှင့်မောင်နှမတစ်စုတို့က ငွေကျပ် ၇၆ သိန်းသုံးသောင်း တန်ဖိုးရှိ စိန်ရွှေရတနာပစ္စည်း ၁၁ မျိုးနှင့် ငါးမူးသားရွှေခေါင်းလောင်း သုံးလုံးအတွက် ငွေကျပ်ခြောက်သိန်းကို မတ် ၃၁ ရက်က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဓမ္မပူဇာသဘင် အထူးတရားပွဲ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ(၁၆)လမ်း ထိပ်ရှိ နွယ်နီဦးဆုတောင်းပြည့် မဟာပဋ္ဌာန်းစေတီတော်ဝင်းအတွင်း ငါးညတိုင်တိုင် နိဗ္ဗာန်ရောက်ကြောင်း အထူးတရားပွဲ အား ကျင်းပမည်ဖြစ်သည်။ ညစဉ်တရားပွဲများကို ည ၆နာရီ ဧပြီ ၁ရက်တွင် အရှင်သီရိန္ဒာ ဘိဝံသ (ယောဆရာတော်)၊ ဧပြီ ၂ ရက်တွင် အရှင်ခေမာသိရီလင်္ကာရ(ရွှေပြည်ဟိန်းဆရာတော်)၊ ဧပြီ ၃ ရက်တွင် ဘဒ္ဒန္တကောသလ္လ (ဓမ္မစေတီဆရာတော်)၊ ဧပြီ ၄ရက်တွင် ဘဒ္ဒန္တ ဝဏ္ဏသာမိ (သန္တာဦးဆရာတော်)၊ ဧပြီ ၅ရက်တွင် ဘဒ္ဒန္တ ဣန္ဒက (တွံတေးဆရာတော်) တို့က တရားတော်များ ဟောကြားမည်ဖြစ်သည်။

စုပေါင်းဆောင်ရွက် လှူဒါန်းကြသော "ဓမ္မဒါန" ဖြစ်သည့်အတွက် အလှူငွေများ၊ အာဟာရဒါနအလှူများ၊ ဓမ္မပလ္လင်မဏ္ဍပ်အတွင်း ပန်းများလှူဒါန်းခြင်းတို့အတွက် အကျိုးဆောင်အဖွဲ့ ဖုန်း-၀၉-၅၁-၀၆၄၈၉၊ ၀၉-၅၁-၇၇၆၅၇၊ ၆၉၉၃၇၀ တို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်သည်။ (က-ပ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)က တပ်ကုန်းမြို့နယ်အသင်း သားဖွားခန်းသို့ ချဲ့စုပ်စက်လှူဒါန်း

နေပြည်တော် မတ် ၃၁

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)က တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ချဲ့စုပ်စက်လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီက တပ်ကုန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အမှာစကားပြောကြားပြီး နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦးနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)အမှုဆောင် ဒေါ်ထွေးထွေးညွှန့်တို့က ချဲ့စုပ်စက်လှူဒါန်းရခြင်းအကြောင်းကို ပြောကြားပြီး ချဲ့စုပ်စက်အား လှူဒါန်းရာ တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်က လက်ခံရယူသည်။

ထို့နောက် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သိင်္ဂါထပ်၊ ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ

ရန်ကုန် မတ် ၃၁

ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ သာသနတက္ကသီလမဟာ ဓမ္မာစရိယ M.A (Buddhism)သည် ဧပြီ ၁၂ရက်(တနင်္လာနေ့) ည ၇နာရီတွင် အမှတ် (၉၅၄) ဆလအခွဲနေ ဦးတင်ဦး-ဒေါ်မြင့်မြင့်ခိုင်မိသားစု၏ အလှူတော် မင်္ဂလာ အထူးတရားပွဲအဖြစ် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်တွင် ဟောကြားမည်ဖြစ်ရာ တရားတော်နာယူနိုင်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

မန်ယူ၏ တန်ပြန်တိုက်စစ် ဘလက်ဘန်းတို့ ဂိုးပြတ်ရှုံးနိမ့် အာဆင်နယ်အား ပီတာခရော့ချ်၏ ဟက်ထရစ်ဖြင့်အနိုင်ယူ

သတင်းမြင်ကွင်း-မြင့်စိုး

လန်ဒန် မတ် ၃၁

ပရီမီယာလိဂ်ပွဲစဉ်(၃၁) ဘောလုံးပြိုင်ပွဲများကို မတ် ၃၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ မန်ချက်စတာယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ဘလက်ဘန်းအသင်းကို အကောင်းဆုံး ခြေစွမ်းပြကစားကာထိုက်ထိုက်တန်တန်ရမှတ်သုံးမှတ်ကို ထပ်ပေါင်းနိုင်ခဲ့သည်။

သို့သော်လည်း မန်ယူတို့ ပထမပိုင်းတွင် ခြေစွမ်းမပြနိုင်သည့်အပြင် ဘလက်ဘန်းအသင်း၏ ဦးဆောင်ဂိုးသွင်းယူမှုပင် ခံလိုက်ရသည်။

ဒုတိယပိုင်း ပြန်စချိန်တွင် မန်ယူတို့စနစ်တကျပြန်လည်တိုက်စစ်ဆင်ကစားရာ လေးဂိုးဆက်တိုက်ပြန်သွင်းယူနိုင်အောင် ခြေစွမ်းပြခဲ့ကြသည်။ ပွဲချိန်မိနစ်၆၀တွင် ပေါလ်စခိုးလ်က မန်ယူအတွက်ဖွေဆော်ဦးဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ယင်းနောက်တွင် မိုက်ကယ်ကာရစ်၊ ပက်ဂျီဆန်တို့က ဒုတိယမြောက်နှင့် တတိယမြောက်ဂိုးများကို သွင်းယူနိုင်ခဲ့ကြသည်။

မန်ယူအတွက် စတုတ္ထမြောက်ဂိုးနှင့် ပွဲသိမ်းဂိုးကို ပွဲချိန်မိနစ်၉၀ပြည့်ချိန်တွင် အိုရှီးယားက သွင်းယူပေးခဲ့သည်ကို တွေ့ရသည်။

ယင်းပွဲတွင် မန်ယူတို့လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ အမှတ်ပေးဇယားတွင် ၂၅ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးပြီး ရမှတ်၇၈မှတ်ဖြင့် ဒုတိယနေရာမှ ချယ်လ်ဆီးအသင်းကိုခြောက်မှတ်အသာဖြင့် ဆက်လက်ဦးဆောင်လျက်ရှိသည်။

လီဗာပူး အသင်းသည် ပီတာခရော့ချ်၏ ပထမဆုံး ဟက်ထရစ်ဂိုးဖြင့် အာဆင်နယ်ကို လေးဂိုး-တစ်ဂိုး သွင်းယူကာ အမှတ်ပေးဇယား တတိယနေရာသို့ ခုန်တက်လာသည်။

တိုက်စစ်မှူး ပီတာခရော့ချ်သည် ပွဲစပြီးလေးမိနစ်အကြာ အာဘေးလိုယာ ဖြတ်တင်ပေးလိုက်သော ဘောလုံးမှ တစ်ဆင့် လှည့်သွင်းယူလိုက်ရာ ဖွေဆော်ဦးဂိုး စတင်ရရှိသွားသည်။ ၎င်းသည် ပွဲချိန် ၃၄ မိနစ်တွင် ဖာဘီယိုအော်ရီလီယို ဖြတ်တင်ပို့လိုက်သော ဘောလုံးမှတစ်ဆင့် ခေါင်းတိုက်ဂိုးဖြင့် လီဗာပူးအတွက် ဒုတိယမြောက်ဂိုး သွင်းယူခဲ့ပြန်သည်။

ဒုတိယပိုင်းပြန်စချိန်တွင် လီဗာပူးတို့ အိမ်ကွင်းအားသာချက်နှင့် ဦးဆောင်ဂိုး များရရှိထားခြင်းကို အသုံးချလျက် အာဆင်နယ်နောက်တန်းကို ထိုးဖောက်ခဲ့ရာ ပွဲချိန်မိနစ်၆၀တွင် ဒန်နီရယ်အဂ္ဂါက လီဗာပူးတို့အတွက် တတိယမြောက်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန် ၇၃ မိနစ်တွင် ဝီလျံဂါးလက်စ်က ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

ပွဲချိန်မိနစ်၉၀ပြည့်ချိန်တွင် တိုက်စစ်မှူး ပီတာခရော့ချ်က ၎င်း၏ ပထမဆုံးသော ဟက်ထရစ်ဂိုးအဖြစ် သွင်းယူလိုက်နိုင်သည်။

လီဗာပူးတို့ပွဲအပြီး လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိလိုက်၍ အမှတ်ပေးဇယား တတိယနေရာသို့ အာဆင်နယ်ကို ကျော်ပြီး ခုန်တက်နိုင်ခဲ့သည်။ ယင်းပွဲစဉ်အပြီး လီဗာပူးအသင်းသည် ရမှတ် ၅၇ မှတ် ရရှိခဲ့ပြီး အာဆင်နယ်အသင်းသည် ရမှတ် ၅၅ မှတ်ဖြင့် တတိယနေရာမှ စတုတ္ထနေရာသို့ ဆင်းသွားခဲ့ရသည်။

မန်ယူအတွက် ဖွေဆော်ဦးဂိုးကို ပေါလ်စခိုးလ်က ဤသို့ သွင်းယူပေးခဲ့သည်။ (အင်တာနက်)

အခြားပွဲရလဒ်များ

ဘော်လ်တန်	၁-၀	ရက်ဖီး
ချာလ်တန်	၁-၀	ဝီဂန်
ဖူလ်ဟမ်	၁-၁	ပို့စ်မောက်
နယူးကာဆယ်	၀-၁	မန်စီးတီး
ဝက်စ်ဟမ်း	၂-၀	မစ်ဒယ်ဘရော
ဝက်ဖို့ဒ်	၀-၁	ချယ်လ်ဆီး

(အင်တာနက်)

Real-time PCR နည်းဖြင့် ဘီပိုး၊ စီပိုးနှင့် HIVတို့ကို ခုနစ်ရက်အတွင်း မှန်ကန်၊ မြန်ဆန်၊ သက်သာစွာ စစ်ဆေးနိုင်

ရန်ကုန် မတ် ၃၁

ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ IHBCစင်တာရှိ Myanmar Molecular and Diagnostic Centre (MMDC)ဖွင့်ပွဲနှင့် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ဆေးပညာဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက IHBC အဆောက်အအုံ၌ကျင်းပသည်။

အခမ်းအနားတွင် MMDC မှ ဒေါက်တာထင်လင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားကျန်းမာရေး ဓာတ်ခွဲဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းသိန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စင်ကာပူနိုင်ငံ Research Biolabsမှ အထွေထွေမန်နေဂျာ Ms. Sue Yap က Advances in Molecular Technology: Singapore Perspective ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စင်ကာပူနိုင်ငံ Institute of Molecular and Cell Biology မှ Principal Investigator, Mr. Masafumi Inoue က Accurate Diagnosis of Flu A/B Viral Respiratory Infection with H5N1 Confirmation Using X-Map Beads Hybridization ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

အဆိုပါ Myanmar Molecular and Diagnostic Centre ၌ Real-time PCR နည်းပညာဖြင့် ဘီပိုး၊ စီပိုးနှင့် HIV ပိုးကောင်ရေ (Viral Load)ကို ခုနစ်ရက်အတွင်း မှန်ကန်၊ မြန်ဆန်၊ သက်သာစွာ စစ်ဆေးပေးနိုင်ပြီး တီဘီ၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်စေနိုင်သော (HPV) တို့ကိုပါ မကြာမီ စစ်ဆေးနိုင်တော့မည်ဖြစ်ကြောင်းနှင့် ဆက်သွယ်စုံစမ်းလိုပါကဖုန်း-၃၇၄၆၇၆ နှင့် ၃၉၂၉၁၉ လိုင်းခွဲ-၃၀၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဆွေးနွေးဟောပြော

စင်ကာပူနိုင်ငံ Institute of Molecular and cell Biology မှ Principal Investigator Mr. Masafumi Inoue ဆွေးနွေးဟောပြောစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ကျောက်မီးသွေးမှလောင်စာဆီ တရုတ်၌ ပထမဆုံးထုတ်လုပ်မည်

ရှီအန်း မတ် ၃၁

တရုတ်နိုင်ငံ၏ ပထမဆုံးသော ကျောက်မီးသွေးလောင်စာဆီ ထုတ်လုပ်ရေးစီမံကိန်းသည် ၂၀၀၈ ခုနှစ်တွင် စတင်လုပ်ငန်းလည်ပတ်လိမ့်မည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းမှ တစ်နှစ်လျှင် ရေနံတန်ချိန်တစ်သန်းကျော် ထုတ်လုပ်ပေးနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပရေနံတင်သွင်းမှု မှီခိုနေရခြင်းကိုလည်း သိသိသာသာလျှော့ချပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ ကျောက်မီးသွေးအများဆုံးထုတ်လုပ်နေသည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သော ရှန်ဝါဂရု(ပ်)ကော်ပိုရေးရှင်း လီမိတက်က အတွင်းမွန်ဂိုးလီယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အန်ဒရော့စ်မြို့၌ ၂၀၀၄ ခုနှစ်က စတင်၍ အဆိုပါကျောက်မီးသွေးမှ လောင်စာဆီထုတ်လုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော် ကြိုးပမ်းလုပ်ကိုင်လျက်ရှိသည်။ ယင်းစီမံကိန်းသည် ကျောက်မီးသွေးမှ သန့်စင်ပြီး ရေနံထုတ်ခြင်းဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် စီမံကိန်းဒုတိယအဆင့်ကို အကောင်အထည်ဖော်ချိန်တွင် တစ်နှစ်လျှင် ရေနံတန်ချိန်ခြောက်သန်း ထုတ်လုပ်သွားနိုင်မည်ဟု သိရသည်။

(ကိုးကား-အင်တာနက်)

အပူအန္တရာယ် အစဉ်သတိပြုကာကွယ်ပါ

ဒေါက်တာဒေါ်မြသန်း
(တက္ကသိုလ်များဆေးရုံ)

မိန်နွေတပေါင်း နေရှိန်ကောင်း၍ ရွက်ဟောင်းများ တဖြုတ်ဖြုတ်ကြွေသည်ကိုကြည့်ပြီး လူတို့သည်လည်း နေ၏အပူရှိန်ဒဏ်ကြောင့် ခန္ဓာကိုယ်ရှိ ဓာတ်သဘာဝများပျက်စီး၍ ဆဲလ်များပျက်စီး ဝေဒနာခံစားပြီး အသက်ဆုံးရှုံးရပုံကို သံဝေဂတရားဖြင့် ဆင်ခြင်မိပါသည်။ မြတ်စွာဘုရားရှင်က ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတရားလေးမျိုး ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဓာတ်ကြီးလေးပါး ဖောက်ပြန် လျှင် ရုပ်ခန္ဓာသည် ဖောက်ပြန်ပျက်စီးတတ်ကြောင်း ဟောကြားခဲ့ပါသည်။

ဥတုရာသီသည် လူသားတို့အတွက် အရေးကြီးပါသည်။ ဥတုရာသီ မအေးလွန်း၊ မပူလွန်းလျှင် ကျန်းမာရေးနှင့် သဟဇာတဖြစ်၍ ပူလွန်းပါက၊ သာမန် ၉၈ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်ထက်ကျော်ပါက လူတို့ကျန်းမာရေးကို ထိခိုက်စေပါသည်။ ပူအိုက်သောဒေသတွင် နေသားကျသူများသည် အပူရှိန်ကို သဘာဝအတိုင်း ခံနိုင်ရည်ရှိအောင် ခန္ဓာကိုယ်က ဇီဝကမ္မအရ ထိန်းသိမ်းထားအောင် ဖန်တီးနိုင်သော်လည်း အေးသောဒေသမှ ပူသောဒေသသို့ ပြောင်းရွှေ့လာသူများမှာ ရောက်ခါစတွင် အပူဒဏ်ကိုမခံနိုင်ဖြစ်တတ်ပါသည်။

ကမ္ဘာကြီး ပူနွေးလာမှုနှင့် ပင်လယ်ရေပြင် မြင့်တက်လာမှုကြောင့် ဘာရာဇီးပြည်သူ ၄၂ သန်း အန္တရာယ် ကျရောက်စေနိုင်ကြောင်း သတိပေးချက်၊ အမေရိကန် အယ်လ်ဘားမားဒေသတွင် တိုနေဒိုးမုန်တိုင်းကြောင့် ပျက်စီးသွားသောသတင်းများ၊ အိုဇုန်းလွှာပေါက်၍ ကမ္ဘာကြီးကို အပူရှိန် တိုက်ရိုက်ကျရောက်သဖြင့် အချို့နိုင်ငံများမှလူများ ရေစိမ်နေခြင်း၊ ရေပန်းများတွင် အအေးခံနေကြသည့် သတင်းများကို တွေ့ရပေမည်။ ဖန်လုံအိမ်အာနိသင်ကြောင့် ပူလောင်၍ သဘာဝဂေဟစနစ်များ ပျက်စီးလာခြင်းဖြစ်သည်။

စက်မှုလက်မှု တိုးတက်လာသည်နှင့်အမျှ ချုံကလီးယားစမ်းသပ်မှု၊ စက်ရုံအလုပ်ရုံ အဆိပ်အတောက် အညစ်အကြေးများ စွန့်ပစ်မှုများကြောင့် ကမ္ဘာမြေထု၊ လေထု၊ ရေထုတွင် အဆိပ်ဓာတ်များပျံ့နှံ့၍ ကမ္ဘာကြီးတွင် တစ်နေ့တခြား အပူချိန်မြင့်မားလာကာ ကျန်းမာရေးကို ခြိမ်းခြောက်လာပါသည်။

မြန်မာနိုင်ငံသည် ပူအိုက်စွတ်စိုသော နိုင်ငံဖြစ်၍ နွေရာသီလေးလတွင် အပူဒဏ်ကို ခံစားရပါသည်။ အပူဒဏ်ခံစားရလွယ်သူများမှာ–

- **လေဝင် လေထွက်မကောင်းသောနေရာတွင် နေထိုင်သူများနှင့် ထူလွန်း၊ မည်းမှောင်၊ ကျပ်တည်းသော အဝတ်အစားများကို ဝတ်စားဆင်ယင်လေ့ရှိသူများ၊**
- **ငှက်ဖျား၊ နမိုးနီးယား၊ ဆီးချို၊ သွေးတိုး၊ တီဘီရင်ကျပ်ရောဂါရှိသူ၊ အရက်အလွန်အကျွံသောက်သူ၊ အသည်းနှင့်နှလုံး အဆီဖုံးသူများ၊ အဝလွန်သူ၊ သက်ကြီးရွယ်အို နာတာရှည်ရောဂါရှိသူများ၊ မွေးကင်းစကလေးငယ်များ၊**
- **ခွဲစိတ်ကုသမှုခံယူထားသူ၊ ဦးနှောက်အမြွှေးရောင်ရောဂါရှိသူများ၊**
- **မွေးရာပါ ချွေးအိတ်များမပါသူ၊ အရေပြားရောဂါအခံရှိသူများ၊**
- **နေအပူ၊ မီးအပူနှင့် ထိတွေ့လုပ်ကိုင်ရသော မိုင်းလုပ်သား၊ သံရည်ကျိုလုပ်ငန်း၊ ပေါင်းအိုး၊ ပန်းပဲလုပ်ငန်းလုပ်ကိုင်သူများ၊ အားအင် စိုက်ထုတ်ရသော ကာယလုပ်သားများ၊ အားကစားသမားများ ဖြစ်ကြပါသည်။**

ခန္ဓာကိုယ်အပူချိန် ထိန်းချုပ်သော ဦးနှောက်မှ Hypothalamus cells များနှင့် ခန္ဓာကိုယ်ဇီဝကမ္မပြောင်းလဲ၍ ခန္ဓာကိုယ်အတွင်း၊ အပြင်ဆဲလ်များ လောင်ကျွမ်းပျက်စီးပြီး အောက်ပါရောဂါဝေဒနာများ ဖြစ်ပွားနိုင်သည့်အပြင် အသက်ပါဆုံးရှုံးနိုင်ပါသည်–

- **Sun Burn–နေရောင်ခြည်ရှိ ခရမ်းလွန်ရောင်ခြည်များ အရေပြားပေါ်ကျရောက်၍ သာမန်အပူချိန် ၉၈ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်ထက်မြင့်ပြီး ချွေးထွက်လွန်ခြင်း၊ နေလောင်၍ နီရဲရောင်ရမ်းခြင်း၊ ယားယံဖုများ၊ ရေကြည်ဖု၊ မီးလောင်ဖုပေါက်၍ ဖောရောင်ခြင်း၊ တင်းတိပ်၊ မှဲ့ခြောက်နှင့် အရေပြားအပေါ်လွှာ (EPIDERMIS) ဆဲလ်များ ပျက်စီးခြင်း၊**
- **Prickly Heat- စူးရှ၊ ယားယံသောမိတ်ဖု၊ အရည်ကြည်ဖုနှင့် ပြည်တည်ခြင်း၊ အနာစိမ်းများ ပေါက်ခြင်း၊**
- **Tropical Anhydrotic Asthenia- ချွေးဂလင်းအိတ်များ ပျက်စီးပြီး ချွေးလုံးဝမထွက်ဘဲ အသားအရေ နီရဲပြောင်တင်း၍ အပူရှိန်တက်ကာ နှလုံးတုန်၊ ရင်ခုန်၊ အားကုန် သွေးခုန်နှုန်း၊ အသက်ရှူနှုန်းများ မြင့်တက်၍ နေမထိထိုင်မသာ ဖြစ်ခြင်း၊ ကယောင်ကတမ်း တုန်တုန်ချည့်ချည့် လက်တုန်၊ ခြေတုန်ဖြစ်ခြင်း၊**
- **Heat Collapse–ခန္ဓာကိုယ်သွေးလှည့်ပတ်မှု မညီမျှမှုကြောင့် ဦးနှောက်သွေး လှည့်ပတ်မှုမရှိသဖြင့် ရုတ်တရက်အထိုင်အထတွင် အပေါ်သွေးပေါင်ကျဆင်း၍ မူးမေ့သတိလစ်ခြင်း၊**
- **Heat CRAMP–ချွေးထွက်လွန်ခြင်းကြောင့် ခန္ဓာကိုယ်အတွက် လိုအပ်သော ရေနှင့်ဓာတ်သတ္တုပစ္စည်း (Electrolyte)ဆားဓာတ်များ ဆုံးရှုံးသွားသဖြင့် ကြွက်သားများ တောင့်တင်း၍ နာကျင်ခြင်း၊ အကြောတက်ခြင်း၊ ခေါင်းကိုက်မူးဝေ ကြွက်တက်ခြင်း၊**
- **Heat Exhaustion–ချွေးလွန်သဖြင့် ဆိုဒီယမ်၊ ပိုတက်စီယမ်၊ ကယ်လ်စီယမ်ကလိုရိုက်၊ ကာဗွန်နိတ်အလက်ထရိုလိုက်ဓာတ်များ၊ ဆားနှင့်ရေဓာတ်များဆုံးရှုံး၍ ဗိုက်အောင့်လေထိုး၊ မူးဝေ၊ အော့အန်၊ ဝမ်းသွား၊ ဇက်ထိုး၊ မျက်လုံးကြည့်မကောင်း၊ ခြေ၊ လက်မသယ်ချင်အောင် အားအင်ကုန်ခန်းသွားခြင်း၊**
- **Heat Stroke နောက်ဆုံးကိုယ်အပူချိန် ၁၀၆–၁၀၇–၁၀၈ ဒီဂရီဖာရင်ဟိုက်သို့ရောက်ပါက ပူပြင်းခြောက်သွေ့သော အရေပြားအပူချိန် မြင့်တက်ခြင်း၊ သတိလစ်၊ မေ့မြောခြင်း၊ တက်ခြင်း၊ လေဖြတ်၊ တစ်ခြမ်းသေ၍ ဦးနှောက်နှင့်အာရုံကြောရှိ ဆဲလ်များ ပျက်စီးခြင်း၊ CVS သွေးလှည့်ပတ်မှု အဖွဲ့အစည်းပျက်စီး၍ ဆီးလုံးဝမသွား၊ တစ်ကိုယ်လုံးမဲပြာပြီး သွေးကြောပေါက် သွေးယိုစီးခြင်းကို အသည်း၊ ကျောက်ကပ်၊ နှလုံး၊ အဆုတ်၊ သရက်ရွက်၊ အစာအိမ်၊ ဦးနှောက်စသော ကိုယ်တွင်းအင်္ဂါများတွင် ဖြစ်ပေါ်ခြင်း။**

ကာကွယ်ရန်နည်းလမ်းများ

ချွေးငုပ်၍၊ အပူရုပ်၍၊ မိတ်ဖုများဝင်ပြီးဖျားခြင်း၊ အပူကန်စာများစား၍ ဖျားခြင်းတို့အတွက် သင့်တင့်လျောက်ပတ်သော နေထိုင်စားသောက် ဝတ်စားဆင်ယင်ခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ နွေရာသီတွင် ရုတ်တရက် ဖျားပါက ကိုယ်အပူချိန်လျော့ကျရန် ရေဖတ်တိုက်ခြင်း၊ ရေခဲရေဖတ်တိုက်ခြင်း၊ လေဝင်လေထွက်ကောင်းသောနေရာ၊ ပန်ကာ၊ လေအေးပေးစက်များရှိသောနေရာတွင် နေထိုင်ခြင်း၊အရည်များများ၊အချိုရည်နှင့်ဓာတ်ဆားရည်တိုက်ခြင်း၊ ကြေညက်လွယ်သော အစားအစာများ စားခြင်း၊ ဗီတာမင်ဘီ၊ စီတို့တိုက်ကျွေး၍ အဆီ၊ အဆိမ့်၊ သရက်၊ ပိန္နဲ၊ ဒူးရင်းသီး၊ အုန်းနို့၊ ဒံပေါက် ပူစပ်သောအစားများရှောင်၍ လတ်ဆတ်သော ဟင်းသီး၊ ဟင်းရွက်များ စားရပါမည်။ အကိုက်အခဲပျောက်ဆေး Aspirin၊ Analgesin တို့ကိုရှောင်ပါ။

ချွေးစုပ်၍ လေဝင်လေထွက်များသော အဖြူရောင်၊ ဖျော့သောအရောင်၊ ချည်ထည်ပွပွများ ဝတ်ဆင်ပါ။ ထူထဲ၍ လေဝင်လေပေါက်မပါသော ရေယွန်၊ နိုင်လွန်၊ ဂျင်း၊ အရောင်တောက်သော ဘောင်းဘီ၊ အင်္ကျီအထပ်ထပ်မဝတ်ဆင်ရပါ။ ကျပ်တည်းသောအဝတ်များ ၊ဘောင်းဘီ၊ အင်္ကျီလက်ရှည်များသည် အရေးပေါ် အသက်ကယ်ဆယ်ရာတွင် နှောင့်နှေးကြန့်ကြာစေပါသည်။

နေပူထဲထွက်လျှင် ထီး၊ ဦးထုပ် တို့ကိုဆောင်း၍ နေကာမျက်မှန်တပ်ဆင်ပြီး ထွက်ပါ။ ဖိနပ်အလုံစီးခြင်းကို ရှောင်ကြဉ်သင့်ပါသည်။ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်းသည် အပူဆုံးအချိန်ဖြစ်၍ အပြင်ထွက်ခြင်း၊ ရေချိုးခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။

မိတ်ဖု၊ ယားယံဖုများကို သနပ်ခါးရည်ကျဲနှင့် ခရေပန်းခြောက်သွေး၍လူးခြင်း၊ ရေခဲဖတ်အုပ်ခြင်း၊ မက်ဇင်ကယ်လူးခြင်း၊ ကရမက်ရည်ကျဲ သွေးလူးခြင်းတို့ကို ပြုလုပ်ရပါမည်။

ပူပြင်းသောအချိန် အေးမြစိမ်းလန်းသော သစ်ပင်ရိပ်ကြီးများအောက်၌ နားနေသင့်ပါသည်။ ယပ်တောင်၊ ပန်ကာ၊ လေအေးပေးစက်တို့ကို သုံးသင့်ပါသည်။ နေထိုင်သင့်ပါသည်။ အပူနှင့်ဆက်စပ်၍ လုပ်ကိုင်နေရသော တောင်သူလယ်သမားကြီးများ၊ ကာယလုပ်သားများ၊ လေလုံသောအခန်း၌ လုပ်ရသောလုပ်သား၊ ပင်ပန်းအားစိုက်ရသော မိုင်း၊ သံရည်ကျို၊ ဝပ်လျှော့၊ စက်ရုံလုပ်သားများ၊ ပူလွန်းသောဒေသရှိလူများသည် နားနားနေနေ လုပ်ကိုင်သင့်ပါသည်။ ဓာတ်ဆားရည်၊ အေးမြသောရေများ သောက်ပါ။ ပူပြင်းချိန်၌ ပြင်းထန်သော လေ့ကျင့်ခန်းနှင့် အားကစားပြုလုပ်ခြင်းကို ရှောင်ကြဉ်ပါ။ စိတ်ကိုအေးချမ်းစွာ နေထိုင်ရပါမည်။

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အမြဲစိမ်းသောသစ်တောနှစ်ရှည်ပင်၊ အရိပ်ရပင်၊ ပန်းပင်များစိုက်ပျိုးခြင်းဖြင့် ဥတုရာသီတောကိုမှီဆိုသလို ပတ်ဝန်းကျင်လေထုကိုသန့်စင်၍ အေးမြသောအရိပ်အာဝါသနှင့် မျက်စိပသာဒရှိပြီး အပူချိန်သက်သာစေပါသည်။ ယခုကဲ့သို့ ပူအိုက်သောရာသီတွင် စိမ်းစိုသောသစ်ပင်ရိပ်အောက်မှာနေ၍ လေပြည်လေညင်းကလေး ရှူရှိုက်ရသည်နှင့် တစ်ကိုယ်လုံးအေးမြကာ အမောပြေစေပါသည်။

သစ်ပင်စိုက်ခြင်းဖြင့် မိမိလည်းအေးမြ၊ ခရီးသွားများလည်းအေးမြသော အရိပ်ရ၍ ကုသိုလ်ထူးရရှိစေသည်။ သစ်တောသစ်ပင်များဖြင့် ပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေပါသည်။ ဥတုရာသီ ပူပြင်းသည့်အချိန်တွင် အေးမြသောရေနှင့် အစားအစာ၊ အရိပ်အာဝါသကို မျှော်လင့်တောင့်တသည်မှာ ဓမ္မတာဖြစ်ရာ သစ်တော၊ သစ်ပင်များ ရှင်သန်တိုးပွားရေး ဝိုင်းဝန်းထိန်းသိမ်းကြရပါမည်။ စုပေါင်း၍ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်အပူရှိန် မြင့်မားခြင်းကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်သွားကြရန်လိုအပ်ပါသည်။

နေပူသည့်အခါ သစ်ရိပ်၊ ဝါးရိပ် အောက်မှာ နေထိုင်သွားလာပါ။ အပူဒဏ်ကြောင့် ဖျားနာခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းများ ဖြစ်ပွားပါက နီးစပ်ရာဆေးရုံများသို့ အချိန်မီ သွားရောက်ပြသကုသပါ။ ထို့ထက် ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကို အစဉ်သတိပြုလိုက်နာ နေထိုင်စားသောက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁-၄-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဧပြီ မိုးစက်များ**
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၂၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅ ၆။ ခါသကြိန်အဆို၊ အကများ
၄:၅၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၁၅ ၁၁။ မိုးလေဝသသတင်း
၆:၂၀ ၁၂။ ခါသကြိန်အဆို၊ အကများ
၆:၃၀ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၆:၄၅ ၁၅။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း–၃၆)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ပဟေဠိနန်းတော်
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ English Premier League ဘောလုံးပွဲ Tottenham Hotspur Vs Reading (Live)

ကံမြင့်ကျောင်းတိုက် အထူးတရားပွဲ

ရန်ကုန် မတ် ၃၁

စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သိရီမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီး၌ သာကေတမြို့နယ် အမှတ်(၇)ရပ်ကွက် အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မာရိပ်သာမှ နယ်လှည့် ဓမ္မကထိက မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်၏ နာယကဆရာတော် အရှင်စန္ဒသိရိ (ဓမ္မာစရိယ) သည် မတ် ၂၉ရက်မှ ဧပြီ ၂ရက်အထိ ညစဉ် ၇နာရီတွင် သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပာဒ် တရားတော်များ ဟောကြားလျက်ရှိရာ လာရောက် တရားနာယူနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် စစ်ကိုင်းခရိုင်နှင့် ရွှေဘိုခရိုင် အခြေခံကြွခိုင်ရေးသင်တန်းဖွင့်ပွဲများသို့ တက်ရောက်

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ နေ့ရာသီလူငယ်ရေးရာ လှုပ်ရှားမှုအစီအစဉ်ဖြင့် ဖွင့်လှစ်သည့် စစ်ကိုင်းခရိုင် အခြေခံကြံ့ခိုင်ရေးသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၇ နာရီက စစ်ကိုင်းမြို့ရှိ စစ်ကိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ကျင်းပသည့် ရွှေဘိုခရိုင် အခြေခံကြံ့ခိုင်ရေးသင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းသား အိပ်ဆောင်၊ စားရိပ်သာနှင့် စာကြည့်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများအတွက် အားကစားပစ္စည်းများ ပေးအပ်သည်။

တက်ရောက်လျက်ရှိ

အဆိုပါ အခြေခံကြံ့ခိုင်ရေး သင်တန်းများကို စစ်ကိုင်းတိုင်းအတွင်းရှိ စစ်ကိုင်း၊မုံရွာ၊ရွှေဘိုနှင့် ကသာမြို့များ၌ ယမန်နေ့မှစ၍ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပြီး သင်တန်းသား သင်တန်းသူ ၃၀၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

တက်ရောက်အားပေး

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ရွှေဘိုမြို့ ရန်အောင်မင်္ဂလာကျောင်းတိုက်၌ ရွှေဘိုခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ရုပ်ပျို တိုင်းရင်းဆေး မိသားစုက ကျင်းပသော ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာသို့ တက်ရောက်အားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၂၈ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(အရှေ့) ရပ်ကွက် ၉၃လမ်းနေ ဦးအောင်သန်း(မြို့နယ်သတင်းထောက်)၏ (၆၄)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဒလမြို့ ညောင်ကုန်းရပ်ကွက် ဇေယျာဝတီကျောင်းတိုက် နှစ် ၁၀၀ပြည့် အထိမ်းအမှတ်အဖြစ် တည်ဆောက်လျက်ရှိသော ဓမ္မဒီပနီဗိမာန်တော်ကြီးအတွက် ဒုတိယအကြိမ်အလှူငွေကျပ်တစ်သိန်းကို ဇေယျာဝတီစာသင်တိုက် ပဓာနနာယကဆရာတော်ဂန္ထဝါစက ဓမ္မကထိက လယ်တီဘဒ္ဒန္တစန္ဒာဝရထံ ဆက်ကပ်လှူဒါန်းရာ ကပ္ပိယကာရကဦးစိန်မြင့်က လက်ခံယူစဉ်။ (က–ပ)

မေတ္တာအေးသကြၤန်အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက် ၅ လမ်း မေတ္တာအေး မဟာစည်သာသနာ့ရိပ်သာ၌ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယကို ခံယူကာ မဟာစည်နယ်လှည့်ဓမ္မကထိက သာသနဓဇဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ မေတ္တာအေးဆရာတော် ဘဒ္ဒန္တ သုဇာတဦးစီး၍ ဧပြီ ၁၃ရက်မှ ၂၀ ရက်အထိ မဟာသကြၤန်အထူး တရားစခန်းပွဲကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၁၂ရက်ညနေအရောက်လာရောက်ကြရန်နှင့် ဖုန်း–၀၁–၅၆၂၂၄၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

၁၃၆၈–၁၃၆၉ ခုနှစ် အတွက် မဟာသကြၤန်အခါတော်နှင့် (အကျ၊ အကြတ်၊ အတက်)ရက်နှင့် မြန်မာ–ရခိုင်–ဝါဆို–ဝါကပ်–လ–ရက်များ

ရန်ကုန် မတ် ၃၁

မဟာသကြၤန်အကျရက်

ဇေယျတု မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၃ရက်(စနေနေ့)။

ရခိုင်သက္ကရာဇ် ၁၃၆၈ခုနှစ် ပထမတာကူးလပြည့်ကျော် ၁၃ရက်(စနေနေ့)။

ခရစ်နှစ် ၂၀၀၇ ဧပြီ ၁၄ရက်(စနေနေ့)သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန်နေလွဲစက် ၂နာရီ မိနစ်၅၀ ၂၃စက္ကန့် အချိန်တွင် မဟာသကြၤန်အကျဖြစ်သည်။

မဟာသကြၤန်အကြတ်ရက်

မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ်နှောင်းတန်ခူးလပြည့်ကျော် ၁၄ရက် (လကွယ်နေ့)၊ (တနင်္ဂနွေနေ့)။

ရခိုင်သက္ကရာဇ် ၁၃၆၈ ခုနှစ်၊ ပထမတာကူးလပြည့်ကျော် ၁၄ရက် (လကွယ်နေ့) (တနင်္ဂနွေနေ့)။

ခရစ်နှစ် ၂၀၀၇၊ ဧပြီ၁၅ရက်(တနင်္ဂနွေနေ့)သည် မဟာသကြၤန် အကြတ်ရက် ဖြစ်သည်။

မဟာသကြၤန်အတက်ရက်

မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် ကဆုန်လဆန်း(၁)ရက်(တနင်္လာနေ့)။

ရခိုင်သက္ကရာဇ် ၁၃၆၈ခုနှစ် ဒုတိယတာကူးလဆန်း (၁)ရက်(တနင်္လာနေ့)။

ခရစ်နှစ် ၂၀၀၇ ဧပြီ၁၆ရက်(တနင်္လာနေ့)သည် မဟာသကြၤန် အတက်ရက်ဖြစ်သည်။

မြန်မာစံတော်ချိန် ညဝက် ၆နာရီ ၅၅မိနစ်၄စက္ကန့်အချိန်တွင် မဟာသကြၤန်အတက်ရက်ဖြစ်သည်။

မြန်မာ–ရခိုင်–နှစ်ဆန်း(၁)ရက်

မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် ကဆုန်လဆန်း (၂)ရက်(အင်္ဂါနေ့)။

ရခိုင်သက္ကရာဇ် ၁၃၆၉ခုနှစ် ဒုတိယတာကူးလဆန်း(၂)ရက်(အင်္ဂါနေ့)

ခရစ်နှစ် ၂၀၀၇ ဧပြီ ၁၇ရက် (အင်္ဂါနေ့)သည် မြန်မာ– ရခိုင် နှစ်ဆန်း(၁)ရက် ဖြစ်သည်။

၁၃၆၉ခုနှစ်တွင် အဓိမာသ–အဗျာပလထပ်ရက်ငင်ရှိသောကြောင့် (ဒွိရာသဠ်)

ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်သူမြတ်တို့မှာ

မြန်မာ ၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် (၁)ရက်(တနင်္လာနေ့)။

ရခိုင် ၁၃၆၉ခုနှစ် ဝါဆိုလပြည့်ကျော် (၁)ရက် (တနင်္လာနေ့)။

ခရစ်နှစ် ၂၀၀၇ ဇူလိုင် ၃၀ရက်(တနင်္လာနေ့)တွင် ပထမ ပုရိမဝါကပ်ဆိုတော်မူကြ၍ မြန်မာ– ရခိုင်သက္ကရာဇ် ၁၃၆၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ရက် (ဗုဒ္ဓဟူးနေ့)။

ခရစ်နှစ် ၂၀၀၇ ဩဂုတ် ၂၉ရက်(ဗုဒ္ဓဟူးနေ့)တွင် ဒုတိယ ပစ္ဆိမဝါကပ်ဆိုတော်မူကြရမည် ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာသီရိလင်္ကာရာမကျောင်းတိုက် ခုနှစ်ရက်တရားစခန်းပွဲ

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မြန်မာသီရိလင်္ကာရာမ ကျောင်းတိုက်ကြီး၏ ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ ပြည်တွင်း၊ပြည်ပ သာသနာပြု ဆရာတော်ကြီး ဘဒ္ဒန္တ ဉာဏိန္ဒ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်မှာ ကဆုန်လဆန်း၇ရက်(ဧပြီ ၂၂ရက်)တွင် နှစ်နှစ်ပြည့်မြောက်မည်ဖြစ်ပါ၍ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို မှန်းဆ၍ ဧပြီ ၁၂ရက်မှ ၁၈ရက်အထိ တရားဖြင့် ပူဇော်ကြမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသော ပါရမီရှင်များသည် ဧပြီ ၅ရက် နောက်ဆုံးထား၍ ကိုယ်တိုင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေအချိုရည်တို့ဖြင့် တရားဝင် ယောဂီများအား ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

အသောကာရုံ ရွှေကျင်စာသင်တိုက် ၁၀ ရက် တရားစခန်းပွဲ

အင်းစိန်မြို့ စော်ဘွားကြီးကုန်း ရပ်ကွက် အသောကာရုံရွှေကျင်စာသင်တိုက်၌ မဟာစည်နည်းကျ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း တတိယအကြိမ် ၁၀ရက် တရားစခန်းကို ဧပြီ၈ရက် ညနေ၄နာရီမှ ၁၇ ရက်(နှစ်ဆန်းတစ်ရက်)အထိ ၁၀ရက်တိုင်တိုင် ရွှေတောင်ကုန်း သြဝါဒါစရိယ ဆရာတော်ကြီးက ဦးဆောင်ဖွင့်လှစ်မည်ဖြစ်၍ တရားစခန်းဝင်လိုသော ယောဂီပုဂ္ဂိုလ်များသည် ဧပြီ၇ ရက် နောက်ဆုံးထား၍ အသောကာရုံ ဆရာတော် ဖုန်း–၀၁–၆၅၁၅၂၀သို့ ဆက်သွယ် စာရင်းပေးသွင်းပြီး ဧပြီ၈ရက် ည ၇နာရီမှစ၍ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကဆရာတော်များနှင့် ရွှေတောင်ကုန်း ကမ္မဋ္ဌာနာ စရိယဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ညစဉ် ဟောကြားတော်မူမည်ဖြစ်သည်။

ဓမ္မကထိက သင်တန်းဖွင့်မည်

ပဲခူးတိုင်း ပဲခူးမြို့နယ်ဘုရားကလေး စံပြကျေးရွာကိုက်ဇမျှားကျောင်း အခြေပြု ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တသုမနက ကြီးမှူးဖွင့်လှစ်သော တတိယအကြိမ်မြောက် ဓမ္မကထိက သင်တန်းကိုကဆုန်လဆန်း ၄ရက်၊ (ဧပြီ ၁၉ရက်မှမေ၁၈ရက်)အထိ တစ်လ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက် လိုသော သံဃာတော်များ ဧပြီ ၁၈ရက် ညနေအရောက် ကြွရောက်ကြရန် သင်တန်းဖြစ်မြောက်ရေး ကော်မတီက ပင့်လျှောက်ထားသည်။

ဓမ္မရိပ်သာကျောင်းတိုက် သကြၤန်တရားစခန်းပွဲ

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် ဓမ္မရိပ်သာကျောင်းတိုက်တွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သကြၤန်တွင်း တရားစခန်းပွဲကို ဧပြီ ၁၂ရက်မှ ၁၈ ရက်ထိ ခန္ဓာဉာဏ်ရောက် ဝိပဿနာ တရားတော်များကို ဓမ္မရိပ်သာကျောင်းဆရာတော်၊ ပညာရာမ မိုးကုတ် ဝိပဿနာဆရာတော်ဘဒ္ဒန္တ ပညာနန္ဒ (ဓမ္မကထိကဗဟုဇနေဟိတရေ)၊ အရှင်သုမန(ဓမ္မကထိက)ဆရာတော်များက ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသော ယောဂီများ ဧပြီ၁၂ရက် ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

သဲအင်းဂူ ကိုးရက်တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် အမှတ်(၅) ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည်သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူ ဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍဝံသ (မိဂလုံ)ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာတရားတော်များကို ဧပြီ ၁၂ ရက်မှ ၂၀ ရက်အထိ အဓိဋ္ဌာန်ကိုးရက်တရားစခန်းဖွင့်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများအား အကျိုးတော်ဆောင်အဖွဲ့က အခမဲ့အာဟာရဒါနကျွေးမွေးလှူဒါန်းမည်ဖြစ်၍ ဧပြီ ၁၁ရက် ညနေအရောက် ကြွရောက်ရန် နှိုးဆော်ထားသည်။

ခရမ်းဝမဟာစည် တရားစခန်းပွဲ

ရန်ကုန်တိုင်း တွံတေးမြို့နယ် ခရမ်းဝကျေးရွာ ခရမ်းဝမဟာစည် သာသနာ့ရိပ်သာ၌ စတုတ္ထအကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၀ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းပွဲတွင် ပြည်တွင်း၊ ပြည်ပ မဟာစည်ရိပ်သာများ၏ နာယက မဟာဓမ္မ ကထိက ဗဟုဇနဟိတရေ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ညောင်ကန်အေးဆရာတော်၏ တပည့်များဖြစ်ကြသော ခရမ်းကြီးဆရာတော် အရှင်နန္ဒိယ၊ အရှင်သုမင်္ဂလ (မန္တလေးချမ်းသာရတိုက်)၊ ထီလာအရှင်ဉာဏိဿရ၊ ခရမ်းဝဆရာတော် အရှင်ဓမ္မရာဇာနှင့် မင်းဘုန်းဆရာတော် အရှင်ဣန္ဒောဘာသတို့က နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားမည် ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ၊ လှူဒါန်းလိုသော ကုသိုလ်ရှင်များသည် ရိပ်သာသို့ ကိုယ်တိုင်ဖြစ်စေ ဖုန်း–၇၀၄၅၈၇၊ ၂၄၇၆၅၃သို့ဖြစ်စေ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မတ် ၂၃ရက်က တာမွေမြို့နယ် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ကျောက်မြောင်းအထက်ရပ်ကွက် စာပျိုးခင်း စာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ခင်သန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖော်ထုတ်ဖမ်းဆီးရမိဆိုင်ကယ်များ ပိုင်ရှင်ထံပြန်လည်ပေးအပ်

မြစ်ကြီးနားမြို့နယ် အမှတ်(၁) ရဲစခန်းမှ ဖော်ထုတ်ဖမ်းဆီးရမိသော ဆိုင်ကယ်များအား ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ပွဲကို မတ်၁၈ရက်က မြစ်ကြီးနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖြစ်ပွားပုံမှာ အမှတ်(၁)ရဲစခန်း နယ်ထိန်းတပ်ဖွဲ့ဝင် ရဲဒုတပ်ကြပ်စဥ့်ကူးမောင်၊ ရဲတပ်သားဝင်းထွဋ်တို့က ဖေဖော်ဝါရီ၁၂ရက် ည၁၁နာရီတွင် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာမြဇေယျာအပိုင်းနေ သိန်းဇော်ဆိုသူအား မသင်္ကာဖွယ်ရာ တွေ့ရှိခဲ့ရသဖြင့် စနစ်တကျစစ်ဆေးခဲ့ရာမှ ၂၀၀၆ခု မတ်လမှ ၂၀၀၇ခု ဇန်နဝါရီလအတွင်း မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်များမှ ခိုးယူခဲ့သော ဆိုင်ကယ်၁၅စီးအား ၎င်းရောင်းချခဲ့သော မြို့နယ်များမှ မိုးကောင်းမြို့ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်မိုးအောင်နှင့်အဖွဲ့က လိုက်လံသိမ်းဆည်းပြီး ဥပဒေနှင့်အညီ မြစ်ကြီးနားမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ကာ မတ် ၁၈ရက်တွင် အခမ်းအနားဖြင့် ဆိုင်ကယ်ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဝက်လက်မြို့၌ ကြက်ငှက်တုပ်ကွေး ပညာပေး

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ကြီးမှူး၍ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ပညာပေးညှိနှိုင်း အစည်းအဝေးကို မတ် ၇ ရက် နံနက် ၁၀နာရီက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဒေါ်စောလှနှင့်ဒုတိယ ဦးစီးမှူးများက ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တိရစ္ဆာန်ကျန်းမာရေး အစဉ်သတိပြုစောင့်ရှောက်ရေး အစီအမံများနှင့် ဇီဝလုံခြုံမှုရှိရေး ဆောင်ရွက်ရန်များ၊ ရောဂါဖြစ်ပွားပါက အချိန်မီ သတင်းပို့ရေးနှင့် သတင်းမထိန်ချန်ရေး စသည့် ကြက်ငှက်တုပ်ကွေးရောဂါနှင့် စပ်လျဉ်းသည်များကို ရှင်းလင်း ပညာပေး ဆွေးနွေးကြသည်။

အင်းတော် ဆောင်းနေကြာစိုက်ခင်းများ ကြက်တူရွေးအုပ်များကျရောက်

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ်တွင် ၂၀၀၆–၂၀၀၇ခုနှစ်၌ ဆောင်း နေကြာဧက ၆၅၀၀ကို ကိုင်းတောင်သူ ဦးကြီးများက စိုက်ပျိုးခဲ့ရာ အထူးအောင်မြင်ဖြစ်ထွန်းခဲ့သည်။ ယခုအခါ အဆိုပါ နေကြာစိုက်ခင်းများကို တောင်သူဦးကြီး မိသားစုများက စုပေါင်းခုတ်သိမ်းနေကြပြီးဖြစ်ရာ ကြက်တူရွေး ငှက်အုပ်များ ကျရောက်၍ စားသောက်ဖျက်ဆီး သောင်းကျန်းနေကြသဖြင့် အများအပြား ပျက်စီးဆုံးရှုံးလျက်ရှိသည်။ တောင်သူဦးကြီးများမှာလည်း နေကြာခုတ်သိမ်းခြင်း လုပ်ငန်းထက် ကြက်တူရွေးငှက်အုပ်များကို ခြောက်လှန့်ခြင်း လုပ်ငန်းကို ပိုမိုလုပ်နေကြရကြောင်း သိရသည်။

တက်ကုန်၊ ရွက်ကုန်လွှင့်ကြမည့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်

ဖာဂူဆန်တို့ အားမာန်အပြည့်နဲ့ ရိုးမားကွင်းသို့ လာချေပြီ

သုံးသပ်တင်ပြသူ- မောင်ချစ်ကြည်

ရန်ကုန် မတ် ၃၁

တစ်ကမ္ဘာလုံးက ဘောလုံးပရိသတ်များ စိတ်ဝင်တစားနဲ့ စောင့်စားမျှော်လင့်နေတဲ့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တွေ လာမယ့် ဧပြီ ၃ရက်နဲ့ ၄ ရက်တွေမှာ ကစားကြပါတော့မယ်။ ဘောလုံးကလပ်ပြိုင်ပွဲတွေမှာ အဆင့်အမြင့်ဆုံး ပြိုင်ပွဲကြီးဖြစ်လို့ ကွာတားကိုတက်ရောက်လာကြတဲ့ ဘောလုံးအသင်း ရှစ်သင်းရဲ့ နည်းပြတွေက မိမိအသင်းကို အကောင်းဆုံး အခင်းအကျင်းတွေနဲ့ လက်ရွေးစင် အမာခံဘောလုံးသမားတွေကို အံဝင်ခွင်ကျဖြစ်အောင် သွန်သင်ညွှန်ကြားနေကြပြီ ဖြစ်ပါတယ်။

ခြေစွမ်း

ကလပ်အသင်းတိုင်း အလေးအနက်တန်ဖိုးထားပြီး ဂုဏ်ယူဝံ့ကြွားစွာနဲ့ ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက် အောင်ပွဲခံချင်နေကြတာမို့ ကွာတားအဆင့် တက်ရောက်လာကြတဲ့ မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူး၊ ရိုးမား၊ ဗလန်စီယာ၊ အေစီမီလန်၊ ဘိုင်ယန်မြူးနစ်နဲ့ ပီအက်စ်ဗွီ အသင်းတွေဟာ သူတို့ရဲ့ ခြေစွမ်းတွေကို တက်ကုန်၊ ရွက်ကုန်လွှင့်ဖို့ ဟန်ပြင်နေကြပြီ ဖြစ်ပါတယ်။



ပိုဒေါလ်စကီး

ဘိုင်ယန်မြူးနစ်အတွက် အားထားရသော တိုက်စစ်မှူး ပိုဒေါလ်စကီး။

(ဓာတ်ပုံ-အင်တာနက်)

နှစ်(၅၀)ပြည့်မြောက်

ဒီနှစ်ဟာ ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ နှစ် (၅၀) ပြည့်မြောက်တဲ့ ရွှေရတုအထိမ်းအမှတ်နှစ်ဖြစ်ပြီး ထူးခြားတာကတော့ ကွာတားဖိုင်နယ်ကို တက်ရောက်လာတဲ့ ရှစ်သင်းမှာ ချန်ပီယံဖြစ်ခဲ့ဘူးတဲ့ အသင်းငါးသင်းပါဝင်လာပြီး ချန်ပီယံလုံးဝ မဖြစ်ဘူးသေးတဲ့အသင်း သုံးသင်းလည်း ပါဝင်လာခြင်းပါပဲ။ ဒီအသင်းတွေရဲ့ ခြေစွမ်းတွေကလည်း အနိုင်အရှုံး ခန့်မှန်းရခက်လောက်အောင် ထက်မြက်နေကြတာမို့ ပရိသတ်တွေအတွက်တော့ တကယ့်ပွဲကြီးပွဲကောင်းတွေကို ရသအပြည့်နဲ့ ခံစားကြည့်ရှုနိုင်ကြရဦးမှာ သေချာနေပါတယ်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တစ်ခုချင်းကို မိတ်ဆက်ရရင်---

ရိုးမားနှင့် မန်ယူ

ချန်ပီယံလိဂ်သရဖူကို တစ်ကြိမ်တစ်ခါမျှ မရဘူးသေးတဲ့ ရိုးမားအသင်းဟာ ဒီနှစ်ခြေစွမ်းက အံ့သြစရာကောင်းအောင် နိုင်ပွဲတွေ ဆက်တိုက်ရရှိထားပါတယ်။ ရိုးမားအသင်းမှာ ဂိုးသွင်းခြေမြူးနေတဲ့တော့တီဟာ စီးရီးအေမှာ ၂၈ ပွဲကစားပြီးချိန်အထိ ၁၈ ဂိုးသွင်းထားနိုင်ပြီး မန်ချီနီနဲ့ ပါရော့တာတို့ကလည်း ရိုးမားရဲ့ ဂိုးသွင်း သူရဲကောင်းတွေပါဘဲ။

နောက်ပြီး ရိုးမားရဲ့ ကွင်းလယ်မှာ ဒီရော့စီ၊ တက်ဒီနဲ့ ပါရော့တာတို့က တစ်သင်းလုံးရဲ့ ကစားအားဟန်ချက်ကို ကွက်တိဖြစ်အောင် ထိန်းချုပ်နိုင်စွမ်းရှိသူတွေပါ။ နောက်တန်းမှာ ပနူစီ၊ မာတင်ဇ်၊ ချီဗူနဲ့ ဒီဖန်ဒီတို့ကလည်း တည်တည်ငြိမ်ငြိမ်နဲ့ တစ်ဖက်အသင်း တိုက်စစ်ကို ဟန့်တားနိုင်သူတွေဆိုတော့ မန်ယူတို့ ရိုးမားကွင်းမှာ သိတ်တော့မလွယ်ပါဘူး။

ပထမဆုံး

ရိုးမားဟာ ချန်ပီယံလိဂ်ရှုံးထွက်အဆင့်မှာ အစဉ်အလာရှိပြီး ခြေစွာနေတဲ့ လိုင်ယွန်အသင်းကို အဝေးကွင်းမှာ ဂိုးပြတ်သွင်း အနိုင်ယူနိုင်ခဲ့သလို နောက်ဆုံးကစားပြီးခဲ့တဲ့ ခြောက်ပွဲမှာ တစ်ပွဲမှမရှုံးသေးပါဘူး။ ရိုးမားတို့ ၁၉၈၄ ခုနှစ်နောက်ပိုင်းမှာ ချန်ပီယံလိဂ် ကွာတားအဆင့်ကို ပထမဆုံးရောက်ရှိလာခြင်းဖြစ်လို့ ဒီပွဲကို အိတ်သွန်ဖာမှောက် ကစားမှာသေချာနေပါတယ်။

မဆုံဖူး

မန်ယူနဲ့ရိုးမားတို့ဟာ ချန်ပီယံမှာ တစ်ကြိမ်တစ်ခါမှ မဆုံတွေ့ခဲ့ဘူးတာကလည်း ထူးခြားနေပါတယ်။ ဒီနှစ်မှာ မန်ယူဟာ ခြေစွမ်းပြနိုင်သလို ကံလည်းကောင်းနေတဲ့ နှစ်ဖြစ်ပါတယ်။ မန်ယူဟာ ချန်ပီယံလိဂ်ဖလားရဖို့ ချယ်လ်ဆီးပြီးရင် ဒုတိယရေပန်းအစားဆုံးအသင်းဖြစ်သလို ကွာတားအဆင့်ကို တက်လာတဲ့ အင်္ဂလန်အသင်း သုံးသင်းထဲမှာ လက်ရှိအနေအထားအရ ခြေအမှန်ဆုံး ဖြစ်နေပါတယ်။

ဒါပေမယ့် ချန်ပီယံလိဂ် အုပ်စုပွဲစဉ်မှာ ဘင်ဖီကာနဲ့ အဆုံးအဖြတ်ပွဲကစားပြီးမှ ရှုံးထွက်အဆင့်ကို ရောက်ခဲ့ပေမယ့် နှစ်ပွဲရှုံးခဲ့ပါတယ်။ ရှုံးထွက်မှာတော့ နှစ်ပွဲစလုံး အနိုင်ရအောင် ကစားနိုင်ခဲ့ပေမယ့် ခြေစွမ်းကပုံမှန်ပါဘဲ။

မန်ယူရဲ့ ခြေလှမ်းတွေက ပရီမီယာလိဂ်မှာ ဖလားရဖို့ လက်တစ်ကမ်းအလိုမှာ ရောက်နေပြီဖြစ်သလို ချန်ပီယံလိဂ်မှာလည်း အခု ကွာတားအဆင့်ရောက်နေပါပြီ။ ၁၉၉၉ခုနှစ် အိပ်မက်ကို ဖာဂူဆန်အပြည့်အဝ အကောင်အထည်ဖော်မှာမို့ သူ့လူတွေကို စနစ်တကျ ကစားခိုင်းတော့မှာပါ။ မန်ယူမှာ စီရိုနယ်ဒိုဟာ အကောင်းဆုံး ခြေစွမ်းတွေပြနေသလို ပြိုင်ပွဲရဲ့ရလဒ်တွေကို ဖန်တီးနိုင်စွမ်းရှိနေပါတယ်။ ရွန်းနေ၊ ရိုင်ယန်ဂစ်၊ ပေါလ်စခိုး၊ ကာရစ်၊ ဖာဒီနန်နဲ့ ဗီဒစ်တို့က မန်ယူရဲ့ တကယ့်စွမ်းအားရှင်တွေ ဆိုတော့ ရိုးမားကွင်းဆိုပေမယ့် မန်ယူတို့ တုန်လှုပ်မှု ကင်းကင်းနဲ့ ကစားမှာ သေချာပါတယ်။ မန်ယူဟာ အဝေးကွင်းနောက်ဆုံး ရှစ်ပွဲကစားခဲ့ရာမှာ ခုနစ်ပွဲနိုင်၊ တစ်ပွဲသာ သရေကျထားပြီး ရှုံးပွဲမရှိဘူးဆိုတော့ ဖာဂူဆန်ဟာ အားမာန်အပြည့်နဲ့ ရိုးမားကွင်းကိုရောက်ရှိလာမှာဖြစ်လို့ ဒီပွဲဟာ မန်ယူအတွက် အနိုင်နဲ့ သရေကလွဲပြီး အရှုံးမရှိ နိုင်တဲ့ပွဲပါပဲ။

ချယ်လ်ဆီးနှင့် ဗလန်စီယာ

ဒီနှစ်မှာ ချန်ပီယံလိဂ်ဖလား ရနိုင်တဲ့အသင်းအဖြစ် ရေပန်းအစား ဆုံးကတော့ ချယ်လ်ဆီးအသင်းဘဲ ဖြစ်ပါတယ်။ ချန်ပီယံလိဂ် သမိုင်းတစ်လျှောက်မှာ ချယ်လ်ဆီးဟာ တစ်ကြိမ်မှ ဗိုလ်စွဲခဲ့ခြင်း မရှိပါဘူး။ ဒါကြောင့် ဒီနှစ်ချန်ပီယံလိဂ်ဖလားကို မော်ရင်ဟိုက အရယူပေးနိုင်ဖို့ ဆန္ဒပြင်းပြနေပါတယ်။

ချယ်လ်ဆီးဟာ အုပ်စုပွဲစဉ်မှာ လက်ရှိချန်ပီယံ ဘာစီလိုနာနဲ့ တစ်အုပ်စုတည်း ကျခဲ့ပေမယ့် ပွဲတိုင်းခြေစွမ်းပြနိုင်ခဲ့ပြီး ကွာတားအဆင့်ကို ယုံကြည်မှုအပြည့်နဲ့ တက်ရောက်လာတဲ့အသင်းလည်း ဖြစ်ပါတယ်။ ချယ်လ်ဆီးမှာ တကယ့်ကို စွမ်းရည်ထက်မြက်ပြီး တစ်ပွဲလုံးကစားအားမကျဘဲ ပွဲချိန်ပြည့်ကစားနိုင်တဲ့ ကစားသမားတွေပေါများတဲ့အပြင် အရန်လူ အတောင့်တင်းဆုံး အသင်းလည်း ဖြစ်ပါတယ်။

အခုဆိုရင် ချယ်လ်ဆီးမှာ ရှက်ဗ်ချင်ကိုနဲ့ဘောလက်တို့က ဂိုးတွေ သွင်းယူနိုင်သလို ဒရော့ဘာ၊ လမ်းပတ်၊ တယ်ရီ၊ အက်စီယန်တို့က ကမ္ဘာ့အကောင်းဆုံးစာရင်းဝင် ဘောလုံးသမားတွေပါ၊ သူတို့ရဲ့ စွမ်းအားတွေနဲ့ နိုင်ပွဲတွေအလီလီ ရရှိနေခဲ့တာဆိုတော့ စတန်းဖို့ဒ်ဘရစ်မှာ အခုပွဲဟာ ချယ်လ်ဆီးတို့ နိုင်ပွဲပါဘဲ။

အိမ်ကွင်းရှုံးပွဲမရှိ

ချယ်လ်ဆီးရဲ့ အိမ်ကွင်းမှာကစားခဲ့တဲ့ နောက်ဆုံးပွဲစဉ် ရှစ်ပွဲကိုကြည့်ရင် တစ်ပွဲမှ ရှုံးပွဲမရှိခဲ့ပါဘူး၊ အသင်းရဲ့ကစားအား စုစည်းမှု၊ အဆုံးသတ်ကောင်းမွန်မှုတွေကို ယှဉ်ရင်တော့ ဗလန်စီယာတို့ ဘယ်လို မှ ယှဉ်လို့မရပါဘူး။ ဗလန်စီယာရဲ့ အဝေးကွင်းနောက်ဆုံး ရှစ်ပွဲရဲ့ရလဒ်ကိုကြည့်ရင် နှစ်ပွဲဘဲ အနိုင်ရရှိထားတာမို့ အားရစရာ သိပ်မကောင်းတဲ့ အနေအထားပါ။ ဒါပေမယ့်

ရော်နယ်ဒို

ထိုးဖောက်ဂိုးသွင်းမှု အားကောင်းနေဆဲဖြစ်သည့် အေစီမီလန် တိုက်စစ်မှူး ရော်နယ်ဒို။

(ဓာတ်ပုံ-အင်တာနက်)

ဗလန်စီယာမှာ မိုရီရန့်တက်စ် ဒဏ်ရာကြောင့် မကစားနိုင်ပေမယ့် ဒေးဗစ်ဗီလာက ဂိုးရအောင် သွင်းယူနိုင်တာမို့ ချယ်လ်ဆီးတို့ လျော့တွက်လိုတော့ မရပါဘူး။

ချယ်လ်ဆီးနဲ့ ဗလန်စီယာတို့ ချန်ပီယံလိဂ်မှာ မဆုံတွေ့ခဲ့ဖူးကြပေမယ့် ယခုအိမ်ကွင်းမှာ ချယ်လ်ဆီးတို့ အသာစီးရမှာပါ။ အဝေးကွင်းမှာ ရှုံးပွဲများတတ်တဲ့ ဗလန်စီယာတို့အနေနဲ့ အမြင့်ဆုံးမျှော်မှန်းနိုင်တာကတော့ သရေပွဲပါဘဲ။ ဒါကလည်း ဖြစ်နိုင်ချေ နည်းလွန်းလှတာမို့ ဒီပွဲဟာ ချယ်လ်ဆီးတို့ ဂိုးမပြတ်နိုင်ပေမယ့် အနိုင်ရမယ့်ပွဲ တစ်ပွဲအဖြစ် မြင်တွေ့ကြရမှာပါ။

အေစီမီလန်နှင့် ဘိုင်ယန်မြူးနစ်

ချန်ပီယံလိဂ်ဖလား ခြောက်ကြိမ်ရရှိခဲ့ဖူးတဲ့ အေစီမီလန်နဲ့ ချန်ပီယံလိဂ်ဖလားကို လေးကြိမ်ရခဲ့တဲ့ ဘိုင်ယန်မြူးနစ်တို့ ထိပ်တိုက်ဆုံတွေ့ကြတဲ့ ပွဲပါဘဲ။ သမိုင်းကြောင်းကို ပြန်ကြည့်ရင်တော့ အေစီမီလန်နဲ့ ဘိုင်ယန်မြူးနစ်တို့ဟာ အရင်က ချန်ပီယံလိဂ် ပြိုင်ပွဲတွေမှာ လေးကြိမ် ဆုံတွေ့ခဲ့ဖူးပါတယ်။ အဲဒီလေးကြိမ်မှာ အဝေးကွင်းနှစ်ကြိမ်နဲ့ အိမ်ကွင်းနှစ်ကြိမ်စီဖြစ်ပြီး ဘိုင်ယန်မြူးနစ်တို့ တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။



စီရိုနယ်ဒို

မန်ယူကို အောင်မြင်မှုများ ရရှိရန် အဓိကစွမ်းဆောင်ပေးနေသည့် စီရိုနယ်ဒို။

(ဓာတ်ပုံ-အင်တာနက်)

အေစီမီလန်ဟာ ၁၉၈၉နဲ့ ၁၉၉၀ပြည့်နှစ်တွေမှာ နှစ်နှစ်ဆက်တိုက် ချန်ပီယံလိဂ်ဖလားကို ရယူနိုင်တဲ့ တစ်ခုတည်းသော အသင်းဖြစ်ပါတယ်။ အခုလောလောဆယ်မှာ အေစီမီလန်အတွက် ဂိုးအများဆုံး သွင်းပေးနေသူက တိုက်စစ်မှူး ဂီလာဒီနိုဖြစ်ပြီး ဒုတိယအများဆုံး ဂိုးသွင်းပေးသူကတော့ ကာကာဘဲ ဖြစ်ပါတယ်။ ဒါ့အပြင် အေစီမီလန်မှာ ဆီးဒေါ့ဖ်၊ အမ်ဘရိုစီနီနဲ့ ရော်နယ်ဒိုတို့လည်း ရှိနေတာမို့ အင်အား တောင့်တင်းနေချိန်ပါဘဲ။

အားသာချက်

နောက်ပြီး အေစီမီလန်ရဲ့အိမ်ကွင်းမှာ ကစားခဲ့တဲ့ နောက်ဆုံးရှစ်ပွဲရဲ့ ရလဒ်တွေကိုကြည့်ရင် တစ်ပွဲမှ ရှုံးမထားပါဘူး။ အေစီမီလန်ရဲ့ အားသာချက်က ရှေ့တန်းနဲ့ အလယ်တန်းပါ။ ရှေ့တန်းမှာ ရော်နယ်ဒိုနဲ့ ဂီလာဒီနိုတို့ရှိနေပြီး ကွင်းလယ်မှာ ကာကာ၊ ပီယာလိုနဲ့ ဆီးဒေါ့ဖ်တို့ ရှိနေတာမို့ တစ်ဖက်အသင်း ကစားကွက်ကို ပျက်အောင်ကစားနိုင်ကြသူတွေဆိုတော့ ဘိုင်ယန်မြူးနစ်တို့ အဝေးကွင်းမှာ ခြေကုန်ထုတ်မှ ရပါလိမ့်မယ်။

ဒါပေမယ့် ဘိုင်ယန်မြူးနစ်မှာ ဂန္ထဝင်ဂိုးသမားကြီး အိုလီဗာခန်းနဲ့ ကွင်းလယ်ကစားသမား ဘွန်းမဲလ်တို့ ပွဲပယ်ပြစ်ဒဏ်တွေကြောင့် ဒီပွဲမှာ မပါဝင်နိုင်ကြပါဘူး။ ဘိုင်ယန်မြူးနစ်ရဲ့ တိုက်စစ်အတွဲဖြစ်တဲ့ မက်ကိုင်း၊ ပီဇာရိုနဲ့ ပိုဒေါလ်စကီးတို့က အေစီမီလန်တိုက်စစ်လောက် မထက်မြက်ပါဘူး။

ကွင်းလယ်မှာ ဒီမီရှဲလ်၊ ဟာဂရီဗ့်စ်နဲ့ ဆာဘာတို့က ဘောလုံးဖြန့်ဝေမှုတွေမှာ အပိုအလိုတွေ ဖြစ်နေတတ်တာမို့ ဘိုင်ယန်မြူးနစ် တိုက်စစ်ဟာ အရှိန်အဟုန်မကောင်းနိုင်ပါဘူး။ ဘိုင်ယန်မြူးနစ်ရဲ့ အဝေးကွင်းမှာ ကစားခဲ့တဲ့ နောက်ဆုံး ရှစ်ပွဲရဲ့ အနေအထားကိုကြည့်ရင် နှစ်ပွဲနိုင်၊ ခြောက်ပွဲရှုံးဆိုတဲ့ ရလဒ်တွေရှိနေခဲ့တာမို့ ဒီပွဲဟာ အေစီမီလန်တို့ နိုင်ပွဲပါပဲ။

ပီအက်စ်ဗွီနှင့် လီဗာပူး

ချန်ပီယံလိဂ် သမိုင်းမှာ ဖလားတစ်ကြိမ်ရခဲ့ဘူးပြီး အစဉ်အလာရှိခဲ့ဘူးတဲ့ နယ်သာလန်ကလပ် ပီအက်စ်ဗွီနဲ့ ချန်ပီယံလိဂ်ဖလား ငါးကြိမ်ရထားဖူးတဲ့ လီဗာပူးတို့ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်မှာ ဆုံခဲ့ကြတုံးက လီဗာပူးအိမ်ကွင်းမှာ နှစ်ဂိုးပြတ်အနိုင်ရခဲ့သလို အဝေးကွင်းမှာ လီဗာပူးတို့ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ကြပါတယ်။

လီဗာပူးဟာ ချန်ပီယံလိဂ်မှာ ကံတရားဖေးမမှုကို အမြဲတမ်းရရှိခဲ့ဘူးတဲ့ အသင်းဖြစ်ပြီး ချန်ပီယံလိဂ်ပွဲစဉ်တိုင်းမှာ ခြေပေါ်အောင်လည်း ကစားတတ်တဲ့ အသင်း ဖြစ်ပါတယ်။ အခုလည်း ကွာတားအဆင့်မှာ အုပ်စုပွဲစဉ်တုံးက တစ်အုပ်စုတည်း ကျခဲ့တဲ့ ပီအက်စ်ဗွီနဲ့ လာဆုံတွေ့နေပြန်ပါတယ်။

အိမ်ကွင်း အဝေးကွင်း ပီအက်စ်ဗွီရဲ့ အားသာချက်၊ အားနည်းချက်တွေကို လီဗာပူးနည်းပြ ဘင်နီတက်ဇ်ကောင်းကောင်းသိထားခဲ့ပြီဖြစ်လို့ ဘယ်လိုဗျူဟာနဲ့ ခင်းကျင်းပြီး အနိုင်ယူရမယ်ဆိုတာ ကြိုတင်တွက်ချက်ထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဘင်နီတက်စ်ဟာ အခုပွဲကို အဝေးကွင်းလည်းဖြစ်တာမို့ သူ့လူတွေကို ဖိဖိစီးစီး ကစားခိုင်းမှာတော့ သေချာပါတယ်။

တိုက်စစ်မှူး

ပီအက်စ်ဗွီဟာ အိမ်ကွင်းမှာ တစ်ဖက်အသင်းရှိန်သွားအောင် ကစားနိုင်ပြီး တိုက်စစ်မှူးတွေဖြစ်တဲ့ ဖာဖန်နဲ့ကူလီနာတို့ကလည်း လီဗာပူးနောက်တန်းရဲ့ လျော့ရဲနေမှုကို အခွင့်ကောင်းယူပြီး ထိုးဖောက်ကျော်ဖြတ်ဂိုးသွင်းကြ မှာပါ။

နောက်ပြီး အာဆင်နယ်ကို ရှုံးထွက်အဆင့်မှာ အနိုင်ကစားခဲ့တဲ့ ပီအက်စ်ဗွီ ခြေစွမ်းကလည်း အပုံစားဖြစ်နေတာမို့ အဝေးကွင်း ခြေမပေါ်တတ်တဲ့ လီဗာပူးဟာ သရေပွဲဖြစ်အောင် ကြိုးစားကစားရမယ့် အနေအထားပါဘဲ။

ဒါပေမယ့် လီဗာပူးနည်းပြ ဘင်နီတက်စ်ဟာ ပီအက်စ်ဗွီနည်းပြ ရော်နယ်ကိုးမင်းထက် လုပ်ဆောင်ချက် ပိုကောင်းပါတယ်။ အထူးသဖြင့် အချိန်နဲ့အလိုက် လူစားထိုးမှုနဲ့ဗျူဟာပြောင်းလဲမှုတို့မှာ သာပါတယ်။ လီဗာပူးအသင်းရဲ့ အောင်ပွဲတိုင်းဟာ ဘင်နီတက်စ်တော်လွန်းလို့ ရရှိခဲ့တာပါ။ ဒီပွဲမှာ ဘင်နီတက်စ်ရဲ့ အစွမ်းထက်မြက်တဲ့ ဖန်တီးမှုတွေကို လုပ်ပြနိုင်ရင်တော့ အရှုံးမရှိနိုင်ပါဘူး။ ဘယ်လိုဘဲဖြစ်ဖြစ် ဒီပွဲရဲ့ရလဒ်ကို စိတ်ကြိုက်ပြရရင်တော့ သရေပွဲပါဘဲ။ အားသာမှုက လီဗာပူးဆိုပေမယ့် ပီအက်စ်ဗွီရဲ့ အိမ်ကွင်း မာကြောမှုကိုလည်း ထည့်တွက်ထားရမှာပါ။ ။ **(မြန်မာ့အလင်း)**

အင်တာနက် အားကစားသတင်း အတိုအထွာ

* **နယူးကာဆယ်အသင်းသည် ၂၀၀၆ ခုနှစ် ဒုတိယခြောက်လပတ်တွင် ပေါင် ၆ ဒသမ ၉ သန်း အရှုံးပေါ်ခဲ့ကြောင်း ၎င်းကလပ်က ထုတ်ဖော် ပြောကြားလိုက်သည်။**

* ဒေးဗစ်ဘက်ခမ်းက ၎င်းအနေဖြင့် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့လာခြင်းကို နောင်တရခြင်းမရှိကြောင်း၊ သို့သော်လည်း ရီးရဲမက်ဒရစ် အသင်း၌ ဖလားတစ်လုံးမျှ မရသော်လည်း အသင်းမှ ထွက်ခွာမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

* **၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို နိုင်ငံပေါင်း ၂၀၄ နိုင်ငံက ခြေစစ်ပွဲ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း မတ် ၃၀ ရက်က ထုတ်ပြန်သော ဖီဖာ၏ကြေညာချက်တွင် ဖော်ပြသည်။**

* ဩစတြေးလျနိုင်ငံ မဲလ်ဘုန်း၌ ကျင်းပလျက်ရှိသော ကမ္ဘာ့ရေကူး ချန်ပီယံပြိုင်ပွဲ၌ နိုင်ငံပေါင်း ၂၅ နိုင်ငံက ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ မတ် ၂၇ ရက်အထိ အမေရိကန်က ထိပ်ဆုံးမှ ရွှေ ၁၃ ခု၊ ရုရှားက ရွှေ ၁၁ ခုရထားပြီး တရုတ်နိုင်ငံက ရွှေ ၉ ခုဖြင့် တတိယလိုက်နေသည်။

* **အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းသည် မတ် ၃၀ ရက်က လန်ဒန်မြို့၌ ကျင်းပသော ၂၀၀၇ ခုနှစ်အတွက် အားကစား လုပ်ငန်း ထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။**

* ချယ်လ်ဆီးတောင်ပံတိုက်စစ်မှူး ရော်ဘင်သည် ဒူးခေါင်းဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကြောင်း ချယ်လ်ဆီးကလပ်က သတင်းထုတ်ပြန်လိုက်သည်။

* **ဂရိနိုင်ငံ အေသင်မြို့အနီး ဒေသဆိုင်ရာ ဘော်လီဘောပြိုင်ပွဲတစ်ခု၌ ပရိသတ်များ ခိုက်ရန်ဖြစ်ပွားခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့ရမှုကြောင့် ဂရိ အာဏာပိုင်များက နိုင်ငံအတွင်း အားကစားပြိုင်ပွဲများအားလုံး သီတင်းနှစ်ပတ်ကြာ ရပ်နားထားလိုက်သည်။**

* ဥရောပလိုက်ဝဲလ်တာဝိတ် လက်ဝှေ့ချန်ပီယံ ဗြိတိန်နိုင်ငံသား တက်ဒ် ဘာမီနှင့် စိန်ခေါ်သူ အီတလီလက်ဝှေ့သမား ရိုင်စပီလာရီတို့ မတ် ၃၀ ရက်က ယှဉ်ပြိုင်ထိုးသတ်ရာ လက်ရှိချန်ပီယံ တက်ဒ်ဘာမီက အမှတ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံသရဖူကို ကာကွယ်နိုင်ခဲ့သည်။

* **ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ စူပါမစ်ဒယ်ဝိတ် ချန်ပီယံဟောင်း ရော်ဘင် ရိဒ်နှင့် လက်ရှိချန်ပီယံ ဂျက်စီဘရင့်လေတို့ မတ် ၃၀ ရက်က နယူးကာဆယ်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်ရာ ရော်ဘင်ရိဒ်က အမှတ်ဖြင့် အနိုင်ရရှိသွားသည်။** (အင်တာနက်)

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးအသင်း မန်ယူနံပါတ်(၁)နေရာပြန်လည်ရရှိ

လန်ဒန် မတ် ၃၁

မန်ချက်စတာယူနိုက်တက် အသင်းသည် ကမ္ဘာတွင် အချမ်းသာဆုံးဘောလုံးအသင်းဖြစ်လာကြောင်း ဖောဘက်မဂ္ဂဇင်းတွင် ဖော်ပြသည်။

မန်ယူသည် ပေါင်သန်း ၇၄၀ဖြင့် ထိပ်ဆုံးနံပါယ်(၁)နေရာကို ပြန်လည်ရရှိလာသည်။ ရီးရဲမက်ဒရစ်က ပေါင်၅၂၈သန်းဖြင့် ဒုတိယလိုက်ပြီး အာဆင်နယ်က ပေါင် ၄၆၆ သန်းဖြင့် တတိယနေရာတွင် ရှိသည်။

ကမ္ဘာ့အချမ်းသာဆုံး ဘောလုံး ၁၀ သင်းကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

၁။ မန်ယူ (ပေါင် သန်း ၇၄၀)
၂။ ရီးရဲမက်ဒရစ် (ပေါင် ၅၂၈ သန်း)
၃။ အာဆင်နယ် (ပေါင် ၄၄၆ သန်း)
၄။ ဘိုင်ယန်မြူးနစ် (ပေါင် ၄၂၇ သန်း)
၅။ အေစီမီလန် (ပေါင်သန်း ၄၂၀)
၆။ ဂျူဗင်းတပ်စ် (ပေါင် ၂၈၉ သန်း)
၇။ အင်တာမီလန် (ပေါင် ၂၈၂ သန်း)
၈။ ချယ်လ်ဆီး (ပေါင် ၂၇၄ သန်း)
၉။ ဘာစီလိုနာ (ပေါင် ၂၇၃ သန်း)
၁၀။ ရှော်လ်ကေး (ပေါင်သန်း ၂၄၀)

(အင်တာနက်)

ဗန်ပါစီ

အာ ဆင် နယ် တိုက်စစ်မှူး ဗန်ပါစီ။
(ဓာတ်ပုံ-အင်တာနက်)

အာဆင်နယ် တိုက်စစ်မှူး ဗန်ပါစီ ရာသီကုန်အထိ ပြန်မကစားနိုင်တော့

လန်ဒန် မတ် ၃၁

အာဆင်နယ်တိုက်စစ်မှူး ရိုဘင် ဗန်ပါစီသည် ရာသီကုန်အထိ ပြိုင်ပွဲများနှင့် လွဲလိမ့်မည် ဖြစ်ကြောင်း မန်နေဂျာ အာစင်ဝင်းဂါးက ပြောကြားလိုက်သည်။

ညာဘက်ဖဝါး

အသက် ၂၃နှစ်ရှိ အဆိုပါ တိုက်စစ်မှူးသည် ဇန်နဝါရီလက မန်ယူကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိရာတွင် ညာဘက်ခြေဖဝါး ကျိုးသွားခဲ့သည်။

ဗန်ပါစီသည် အာဆင်နယ် အသင်း၏ ထိပ်တန်းဂိုးသွင်းထားသူဖြစ်ပြီး စုစုပေါင်း ၁၃ဂိုးသွင်းယူထားသူဖြစ်သည်။ မူလက ရာသီမကုန်မီ ပြန်ကစားနိုင်လိမ့်မည်ဟု မျှော်လင့်ထားသော်လည်း အခြေအနေမှာ ပြန်မကောင်းနိုင်သဖြင့် ရာသီကုန်အထိ လွဲလိမ့်မည်ဟု အာစင်ဝင်းဂါးက ပြောကြားသည်။

ဒဏ်ရာရ

အာစင်နယ်အသင်း၏ အဓိက တိုက်စစ်မှူးဖြစ်သည့် အွန်နရီသည်လည်း ပေါင်ခြံနှင့်ဝမ်းဗိုက်ဒဏ်ရာများ ရထားသဖြင့် ရာသီကုန်အထိ ပြိုင်ပွဲများနှင့် လွဲမည်ဖြစ်ကြောင်း မကြာမီက အာဆင်နယ်အသင်းက ကြေညာခဲ့သည်။ **(အင်တာနက်)**

အင်္ဂလန်အသင်း ယူရိုခြေစစ်ပွဲအောင်ရန် ဒေးဗစ်ဘက်ခမ်း ထောက်ခံပြောကြား

လန်ဒန် မတ် ၃၁

ယူရိုခြေစစ်ပွဲအောင်ရန် ကြိုးစားနေသော အင်္ဂလန်အသင်းသည် လာမည့်နှစ်တွင် နောက်ဆုံးပွဲစဉ်များသို့ တက်ရောက်ယှဉ်ပြိုင်နိုင်လိမ့်မည်ဖြစ်ကြောင်း ဒေးဗစ်ဘက်ခမ်းက ထောက်ခံပြောကြားလိုက်သည်။

ထောက်ခံအားပေး

အင်္ဂလန်အသင်းက အင်ဒိုရာ အသင်းကို ယူရိုခြေစစ်ပွဲ၌ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်၍ အင်္ဂလန် ပရိသတ်များက နည်းပြမက်ကလာရင်အား ပြန်လည်ထောက်ခံအားပေးခဲ့ပြီး အသင်းခေါင်းဆောင်ဟောင်း ဘက်ခမ်းအားလည်း အင်္ဂလန်အသင်းတွင် ပြန်လည်ပါဝင်ကစားပေးရန် တောင်းဆိုမှုများရှိခဲ့သည်ဟု ဆိုသည်။

ဘက်ခမ်း

အင်္ဂလန်အသင်း ခေါင်း ဆောင် ဟောင်း ဒေးဗစ် ဘက်ခမ်း။
(ဓာတ်ပုံ-အင်တာနက်)

"ခြေစစ်ပွဲအောင်ဖို့ဆိုတာ အလွန်ခက်ခဲပါတယ်၊ ဒါပေမယ့် ဒီအင်္ဂလန်ကစားသမားများနဲ့ အင်္ဂလန်အသင်းရဲ့နောက်မှာ ကျွန်တော်ရာနှုန်းပြည့်ရှိပါတယ်"ဟု ဘက်ခမ်းကပြောကြားသည်။

"အင်္ဂလန်အသင်းတွင် ပါဝင်ကစားနေသော ကစားသမားများကို ကျွန်တော့်အနေဖြင့် ဂုဏ်ယူပါတယ်၊ ပွဲတစ်ပွဲအနိုင်ရဖို့ဆိုတာ အသေအချာကြိုးစားရလို့ပါပဲ၊ ကျွန်တော်ဟာ ကျွန်တော့်နိုင်ငံရဲ့ အသင်းမှာ ပါဝင်ကစားချင်တာ ငယ်ငယ်ကတည်းကပါ၊ အင်္ဂလန်အသင်းကို အမြဲတမ်းလည်း အနိုင်ရစေချင်ပါတယ်၊ ဒါကိုတော့ ပြောင်းလဲမှာမဟုတ်ပါဘူး"ဟု ၎င်းက ဆက်လက် ပြောကြားသည်။ **(အင်တာနက်)**

စပိန်လာလီဂါမှ ဆီဗီလာတိုက်စစ်မှူး ကနုတေး

မက်ဒရစ် မတ် ၃၁

စပိန်လာလီဂါ၌ ဂုဏ်သိက္ခာရှိပြီး စွမ်းရည်ထက်မြက်သော တိုက်စစ်မှူးများတွင် ဆီဗီလာတိုက်စစ်မှူး ကနုတေးလည်း ထိပ်ဆုံးမှပါဝင်လျက်ရှိသည်။ တစ်ဖက်အသင်း နောက်တန်းကို အင်အားသုံးဖြတ်ကျော်ကာ အဆုံးသတ် ပိုင်ပိုင်နိုင်နိုင်ဖြင့် ထိုးဖောက်ဂိုးသွင်းနိုင်သည့် တိုက်စစ်မှူးတစ်ဦးအဖြစ်လည်း ထင်ရှားသူဖြစ်သည်။

ကနုတေးကို ပြင်သစ်နိုင်ငံတွင် မွေးဖွားခဲ့သော်လည်း နောက်ပိုင်း မာလီနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ၁၉၇၇ခုနှစ် စက်တင်ဘာ ၂ ရက်၌ မွေးဖွားခဲ့သူဖြစ်ရာ ယခုအသက် ၂၉နှစ် အရွယ်ရှိပြီဖြစ်သည်။

ဂိုးသွင်းပေး

အရပ် ခြောက်ပေ လေးလက်မ မြင့်သော ကနုတေးသည် ၂၀၀၁-၂၀၀၂ ဘောလုံးရာသီ၌ အင်္ဂလိပ် ပရီမီယာလိဂ် ဝက်ဟမ်းအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ ထိုနှစ်က ဝက်ဟမ်းအသင်းအတွက် ပရီမီယာလိဂ် ပွဲပေါင်း ၁၉ပွဲ ကစားပေးခဲ့ပြီး ၁၁ ဂိုး သွင်းယူနိုင်ခဲ့သလို အက်ဖ်အေဖလား ပွဲတွင်လည်း တစ်ဂိုးသွင်းယူခဲ့သဖြင့် ထိုနှစ်က ဝက်ဟမ်းအတွက် ကနုတေး ၁၂ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

မကစားနိုင်

ထို့နောက် ကနုတေးသည် ခြေထောက်ဒဏ်ရာ ရရှိခဲ့မှုကြောင့် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီတွင် ဝက်ဟမ်းအတွက် ပရီမီယာလိဂ် ၁၂ပွဲကစားနိုင်ခဲ့ပြီး ငါးဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။ ထိုနှစ် တစ်ရာသီလုံး ကနုတေး ဒဏ်ရာများဖြင့် နပမ်းလုံးနေခဲ့ရသဖြင့် ဘောလုံးပွဲစဉ် အများအပြား မကစားနိုင်ခဲ့ချေ။

၁၂ ဂိုးသွင်း

၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင် ကနုတေးအား တော့တင်ဟမ်ဟော့စပါးက ခေါ်ယူခဲ့သဖြင့် စပါးကလပ်သို့ ပြောင်းရွှေ့ကစားခဲ့သည်။ ထိုနှစ်၌ ကြံ့ခိုင်မှု မပြည့်ဝသေးသော်လည်း စပါးအသင်းအတွက် ပရီမီယာလိဂ်ပွဲပေါင်း ၁၉ ပွဲကစားပေးနိုင်ပြီး ခုနစ်ဂိုး သွင်းယူပေးခဲ့သလို အက်ဖ်အေဖလားတစ်ပွဲ ကစားပေးပြီး သုံးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ တစ်ဖန် စပါးအတွက် ကားလင်းဖလားပွဲ နှစ်ပွဲကစားပေးခဲ့ပြီး နှစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် စပါးရောက်စနှစ်မှာပင် ၁၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

ကနုတေး

ဆီဗီလာ တိုက် စစ် မှူး ကနုတေး။
(ဓာတ်ပုံ-အင်တာနက်)

ထို့အတူ ကြံ့ခိုင်မှုပြန်လည်ပြည့်ဝလာသော ကနုတေးသည်၂၀၀၄-၂၀၀၅ ဘောလုံးရာသီ၌ စပါးအတွက် ပရီမီယာလိဂ်၊ အက်ဖ်အေနှင့် ကားလင်း ဖလား ဘောလုံးပြိုင်ပွဲပေါင်း ၃၀ ပါဝင် ကစားပေးခဲ့ပြီး ကိုးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ရောက်ရှိလာ

ထိုနှစ်မှာပင် မိခင်မာလီအသင်းအတွက် အာဖရိကဖလားဘောလုံးပြိုင်ပွဲ ငါးပွဲပါဝင်ကစားပေးခဲ့ရာ ကနုတေးအနေဖြင့် တစ်ဦးတည်း လေးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ကနုတေး၏ ဘောလုံးကစားမှုကို ဂရုတစိုက် လေ့လာစောင့်ကြည့်နေသော စပိန်ကလပ် အက်ဖ်စီဆီဗီလာအသင်းက ၂၀၀၅-၂၀၀၆ ခုနှစ်တွင် အငှားစာချုပ်ဖြင့်ရအောင် ခေါ်ယူကာ ကစားစေခဲ့ခြင်းဖြင့် ဆီဗီလာအသင်းသို့ ကနုတေး ရောက်ရှိခဲ့ရပြန်သည်။

ခြောက်ဂိုးသွင်းယူ

စပိန်လာလီဂါသို့ ရောက်ရှိချိန်တွင် ဆီဗီလာအသင်းမှာ အဆင့်ငါးနှင့် ခြောက်တို့၌သာရှိနေရာ ထိုနှစ်၌ ဆီဗီလာအတွက် ကနုတေးက ၂၆ပွဲကစားပေးခဲ့ပြီး ခြောက်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထို့အပြင် အက်ဖ်စီဆီဗီလာအတွက် ယူအီးအက်ဖ်အေဖလား ခုနစ်ပွဲပါဝင်ကစားပြီး ခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဆီဗီလာအသင်းတွင် အားထားရသော တိုက်စစ်မှူးတစ်ဦးဖြစ်၍ စပါးအသင်းနှင့် တရားဝင်အပြောင်းအရွှေ့စာချုပ် ချုပ်ဆိုပြီး အပြီးခေါ်ယူလိုက်ခြင်းဖြင့် ကနုတေးသည် ဆီဗီလာ၏ တရားဝင် တိုက်စစ်မှူးတစ်ဦး ဖြစ်လာခဲ့သည်။ ထိုနှစ်က ဆီဗီလာတို့လာလီဂါတွင် အဆင့်ငါးသာ ချိတ်နိုင်ခဲ့သည်။

ဂိုးအများဆုံး

ယခုနှစ် ဘောလုံးရာသီ၌ ကနုတေးအနေဖြင့် လာလီဂါပွဲပေါင်း ၂၆ ပွဲ ကစားပေးထားပြီး တစ်ဦးတည်း ၁၉ဂိုးသွင်းယူ ပေးထားနိုင်ခဲ့ရာ ဆီဗီလာ တိုက်စစ်မှူးများတွင် ကနုတေးက ဂိုးအများဆုံး သွင်းထားနိုင်သူတစ်ဦး ဖြစ်နေသည်။

ထို့အတူ လာလီဂါတွင်လည်း ဆီဗီလာတို့က လက်ရှိအနေအထား၌ တန်းစီဇယား ဒုတိယနေရာတွင် ရှိနေသည်။ တန်းစီဇယားထိပ်ဆုံးမှ ဘာစီလိုနာနှင့် ပွဲတူ ရှစ်မှတ်ကွာလျက်ရှိပြီး လာလီဂါ ချန်ပီယံဖလားကို ရယူရန် အခွင့်အရေးရှိနေသည့် အသင်းဖြစ်လာသည်။

ကြံ့ခိုင်မှု

ကနုတေးအနေဖြင့် ဆီဗီလာအတွက် ဂိုးများ အဆက်မပြတ်သွင်းယူနိုင်ရေး ကြံ့ခိုင်မှုအပြည့်အဝရှိနေသည်ဖြစ်ရာ ယခုနှစ်၌ ဆီဗီလာတို့ လာလီဂါဖလား အိမ်မက် အကောင်အထည် ဖော်ပေးနိုင်ခြင်း ရှိမရှိကို ကနုတေးမည်သို့ စွမ်းဆောင်မည်ကို စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးတိုင်း၊ လယ်ဝေးမြို့နေ
(ဦးအေးကျော်)-ဒေါ်ဝင်းတို့၏သား

မောင်နိုင်ဝင်း

B.Sc (Physics) (Q), M.Sc (Engineering Physics) (Q), M.Res (Physics)
ထူးလျှံ (လျှပ်စစ်နှင့်အိမ်ဆောက်ပစ္စည်း ရောင်းဝယ်/ပြုပြင်ရေး)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ
(ဦးစိုးမြင့်)-ဒေါ်ထွေးရင် "ရှိုး"ခါတ်ပုံဘောင်လုပ်ငန်း (Exotic Wings Co., Ltd,)
တို့၏ သမီးထွေး

မသိမ့်စန္ဒာမျိုး

B.Sc (Physics), A.G.T.I (Civil)
အလုပ်ရုံစိတ်မှူး၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

တို့၏ ၂၁-၃-၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းတရားရုံးချုပ် ညွှန်ကြားရေးမှူး ဦးထွန်းသိန်းအားလည်းကောင်း၊ ၂၃-၃-၂၀၀၇ရက် (သောကြာနေ့)တွင် မဟာသန္တိသုခကျောင်းတော်ကြီး၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ ၂၈-၃-၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့) Hotel Nikko Royal Lake (Grand Ballroom)တွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံ၊ စက်ရုံမှူး ဦးမောင်မောင်တိုးနှင့် ဇနီးဒေါ်သန်းသန်းဌေးတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံ၊ လက်ထောက်စက်ရုံမှူး ဦးဘတင်နှင့်ဇနီးဒေါ်မြင့်မြင့်စိန်တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော မဟေမာနေဝင်းနှင့် The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မဉမ္မာမင်းအောင်၊ မင်္ဂလာပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မဝင်းဝင်းမာ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမြရည်လွင်၊ သတို့သားအရံ မောင်ရန်ပိုင်ဦး၊ သတို့သမီးအရံ မဇင်မာသိန်း၊ မိတ်ကပ်နှင့် ဆံပင်အလှပြုပြင်ပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ကိုမြင့်စိုး (ဗိုလ်ချုပ်ဈေး)၊ သတို့သမီးလက်ကိုင်ပန်းအလှပြင် နီနီပွင့်၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့တို့အားလည်းကောင်း၊ Hotel Nikko Royal Lake မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း၊ ၂၈-၃-၂၀၀၇ရက်နှင့် ၂၉-၃-၂၀၀၇ရက်တွင် Sabai Sabai နှင့် Swe Thai စားတော်ဆက်၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နိုင်ဝင်း-မသိမ့်စန္ဒာမျိုး။

၂၉နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးသိန်းဆွေ** (ဦးဆောင်ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး) နှင့် ချစ်မေမေ **ဒေါ်ခင်မာဦး** တို့၏ ၁-၄-၂၀၀၇ရက်တွင်ကျရောက်သည့် မင်္ဂလာရက်မြတ်မှသည် ချစ်သားများနှင့်အတူ နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နိုင်ငံအကျိုး သာသနာအကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး - ဗိုလ်နိုင်ဆွေဦး(M.B.,B.S)(DSMA)
ချစ်သားငယ် - ဗိုလ်ထက်ဆွေဦး(B.Sc)(DSA)

မွေးနေ့မင်္ဂလာဆုတောင်း

၁-၄-၂၀၀၇ ရက်တွင် ကျရောက်သော **သံသာကြည်** နှင့် **ဟံသာဝတီ** တို့ အမြွှာမောင်နှမရဲ့ (၂)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာချမ်းသာ၍ သားကောင်း သမီးမွန်များ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဘိုးဘိုး - ဦးကျင်တီ၊
ဘွားဘွား - ဒေါ်မြင့်မြင့်ကြည်
ချမ်းသာဆောက်လုပ်ရေးမိသားစု။



မီးလောင်သတင်း

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ စက်ဘီးနှင့် ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးဆိုင် တစ်ဆိုင်၌ မတ်၂၉ရက်က မီးလောင်မှုဖြစ်ပွားရာ ဆိုင်ခန်း(၁)မှ (၄)အထိ မီးလောင်ဆုံးရှုံးခဲ့ကြောင်း။

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အိုင်ကြီးလည်ကျေးရွာ၌ မတ်၂၆ရက်က မီးလောင်မှုဖြစ်ပွားရာ အိမ် ၁၀လုံး မီးလောင်ဆုံးရှုံးခဲ့ရာ လူ၅၇ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၉၄ နေ
ဟာဂျီဦးမိုဟာမက်ယူစွတ်(ခ)ဦးတင်ဝင်း (အငြိမ်းစား-ပါကစ္စတန်သံရုံး)-ဟာဂျီမဒေါ်အာယေရှ
(ကောင်းကြိုက် ဒံပေါက်နှင့်အအေးလုပ်ငန်း)တို့၏သားထွေး

မောင်လှရွှေ(ခ) Muhammad Osman

B.Sc (Zoo)Dip in Electrical Power-Y.T.U
(MD,Kaung Kyaik Trading Company., Ltd.)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ တိုက် ၉၇/၇ နေ
ဦးအေးရွှေ(လ/ထအင်ဂျင်နီယာ၊ ငြိမ်း)-ဒေါ်မြင့်မြင့်မေ(အထက-၁၊ ဒဂုံ)တို့၏တစ်ဦးတည်းသောသမီး

ဒေါက်တာအိမြို့ရွှေ(ခ) Rahima

M.B.,B.S (Ygn)

တို့၏ ၂၅-၃-၂၀၀၇ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ပါမောက္ခဒေါက်တာ ဦးမျိုးမြင့် (ပါမောက္ခချုပ်၊ ငြိမ်း၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)နှင့် ပါမောက္ခ ဒေါက်တာဒေါ်တင်တင်အောင် (ဌာနမှူး၊ ဆေးပညာ၊ ဆေးတက္ကသိုလ်-၂)တို့အားလည်းကောင်း၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော တူမလေး မမိုးနီလာအောင်နှင့် မင်္ဂလာဗန်းကိုင်ဆောင်ပေးသော တူမလေး မမိုးစန္ဒာဝင်း၊ မင်္ဂလာပန်းကိုင်ဆောင်ပေးသော တူလေး မောင်နေမျိုးအောင်နှင့် တူမလေး မစံနှိုင်းမမှီမြသိန်း၊ သတို့သားအရံများဖြစ်ကြသော မောင်လင်းထွန်းသိန်းနှင့် ဒေါက်တာဇော်ဝင်းထွဋ်၊ သတို့သမီးအရံများဖြစ်ကြသော ဒေါက်တာအေးသီတာဝင်းနှင့် ဒေါက်တာသဲစုလွင်၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးသော အန်တီအေး၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးသော မိတ်ကပ်အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ ပန်းအလှပြင် မစန်းစန်းဦး၊ မင်္ဂလာတေးသံသာများဖြင့် ညှော်ခံဖျော်ဖြေပေးသော Aces တေးဂီတအဖွဲ့၊ ဗီဒီယိုဖြင့် မှတ်တမ်းတင်ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ကိုအောင်စိုးအေး(မြို့တော်စည်ပင်)နှင့်အဖွဲ့၊ ဓာတ်ပုံဖြင့် မှတ်တမ်းတင်ရိုက်ကူးပေးသော ထင်လင်း (Golden Arrow)နှင့် ဦးစောသိန်းဝင်း(မြို့တော်သတင်း)၊ Sedona Hotel မှ မဟာန်နီနှင့် ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ပေးသော ဌာနဆိုင်ရာလူကြီးမင်းများနှင့်ဇနီးများ၊ဆရာဝန်ကြီးများနှင့်ဇနီးများ၊ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၃-၃-၂၀၀၇ရက်တွင် ကျင်းပပြုလုပ်သော ဝလီမာညှော်ခံပွဲနှင့် မင်္ဂလာပွဲအစမှအဆုံးအထိ ကူညီဆောင်ရွက်ပေးသော ကောင်းကြိုက်ဒံပေါက်မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ဒေါက်တာဦးမြသိန်းနှင့် မမေဇင်ခင်ထွန်း အားလည်းကောင်း၊ လက်ဖွဲ့ဟန်းချိန်းနှင့် လက်စွပ်များချီးမြှင့်ပေးသည့် ညီအစ်ကိုမောင်နှမများဖြစ်ကြသော ကိုခင်မောင်ဝင်းနှင့်မချိုချိုဝင်း၊ ကိုတင်ရွှေနှင့် မခင်အေး၊ ကိုစိန်ဝင်းနှင့်မခင်လှ၊ ကိုကျော်နိုင်နှင့် မယုယုထွေးတို့အားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်လှရွှေ-ဒေါက်တာအိမြို့ရွှေ။



တောင်လုံးပြန်ရပ်ကွက်လုံးဆိုင်ရာ အထူးတရားပွဲကျင်းပမည်

ရန်ကုန် မတ် ၃၁

မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် ဆုတောင်းပြည့် ပြည်လုံးချမ်းသာဘုရားဝင်းအတွင်း၌ တောင်လုံးပြန်ရပ်ကွက်လုံးဆိုင်ရာ ပထမအကြိမ် အထူးတရားပွဲကို ကျင်းပမည်ဖြစ်ရာ ဧပြီ၃ရက်တွင် အရှင်ခေမာသိရီလင်္ကာရ(ရွှေပြည်ဟိန်း)ကလည်းကောင်း၊ ဧပြီ ၄ရက်တွင် အရှင်အရဝိန္ဒာဘိဝံသ(ရွှေလင်းယုန်)ကလည်းကောင်း၊ ဧပြီ ၅ရက်တွင် အရှင်ကောဝိဒ(မဇ္ဈိမဂုဏ်ရည်)ကလည်းကောင်း၊ ဧပြီ ၆ရက်တွင် အရှင်ဂုဏိန္ဒ(ဆင်ဖြူတောင်)ကလည်းကောင်း ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး အကောင်အထည်ဖော် ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်

မြိတ် မတ် ၂၅

တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း ကျင်းပသော ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်း မဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက် (၂၀၀၇) အခမ်းအနားကို မတ် ၁၇ ရက် နံနက် ၉ နာရီက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

ဝိုင်းဝန်းပူးပေါင်း

ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက တနင်္သာရီတိုင်းအတွင်း ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျရာကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမောင်မောင်လှက မြန်မာနိုင်ငံဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက်(၂၀၀၇)နှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးနှင့် အဖွဲ့ဝင်များသည် အသက် ကိုးလမှ ငါးနှစ်အောက် ကလေးသူငယ်များကို ဆိပ်ငယ်ရပ်ကွက်၊ ကန်ကြီးရပ်ကွက်နှင့် ကန်ဖျားရပ်ကွက်တို့တွင် အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပေးမှုများကို လိုက်လံကြည့်ရှု အားပေးကြပြီး လက်ဆောင်ပစ္စည်းများ ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

တနိုင်းမြို့ သီရိမင်္ဂလာစေတီ ဌာပနာတော်သွင်း၊ အသံမစဲမဟာပဋ္ဌာန်းပွဲကျင်းပ

တနိုင်း ဖေဖော်ဝါရီ ၂၀

ကချင်ပြည်နယ် တနိုင်းမြို့ ဇေယျာသီရိစာသင်တိုက်အတွင်း၌ ဆရာတော် ဦးတေဇနိယအား အမှူးထား၍ နယ်မြေခံ တပ်နယ်မှဗိုလ်မှူးချုပ်ခင်မောင်အေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်တို့ ဦးစီးပြီး ဘုရားဒါယကာ ဦးအောင်ကျော်မြင့်-ဒေါ်ပပဝင်းတို့၏ မတည်လှူဒါန်းမှုဖြင့် တည်ထားကိုးကွယ်တော်မူသော သီရိမင်္ဂလာ (ရွှေတိဂုံပုံတူ)စေတီတော်မြတ်ကြီး၏ အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားနှင့် အသံမစဲမဟာပဋ္ဌာန်း အောင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် မွန်းလွဲ ၁၂နာရီခွဲက အဆိုပါစေတီတော်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး တနိုင်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်း ဆရာတော် ဘဒ္ဒန္တဝါယာမ(မဟာဓမ္မာစရိယ) မထေရ်မြတ်ကြီးထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြကာ လှူဖွယ်ပစ္စည်းများနှင့်အတူ ဌာပနာတိုက်တော်အတွင်းထည့်သွင်းပူဇော်မည့် မြတ်စွာဘုရားရှင်နှင့် ရဟန္တာမထေရ်မြတ်တို့၏ ဓာတ်တော်၊ မွေတော်များ၊ သတ္တဌာနရုပ်ပွားတော်များနှင့် ဌာပနာတော်များကို ဆက်ကပ် လှူဒါန်းကြသည်။

ကျိုင်းတုံမြို့ မြို့မဈေးတွင် အသားရုံ၊ ငါးရုံများတွင် သားငါးများ စနစ်တကျ ရောင်းချနေခြင်းကို စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးတို့ မတ် ၁၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်ကျော်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဌာပနာတော်သွင်း

ထို့နောက် အထက်ဌာပနာတော်သွင်းပွဲကို မင်္ဂလာအချိန်တွင် နာယကဆရာတော်များဖြစ်သော ဇေယျာသီရိစာသင်တိုက်ကျောင်းဆရာတော် ဦးတေဇနိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းဆရာတော် ဘဒ္ဒန္တဝါယာမတို့ ဦးဆောင်မှုဖြင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ရစ်ကြူ၊ မြို့နယ် ဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်နှင့် ဘုရားဒကာ ဦးအောင်ကျော်မြင့်တို့က ဌာပနာတော် သွင်းကြသည်။

ချီးမြှင့်

ယင်းနောက် တနိုင်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းဆရာတော် ဘဒ္ဒန္တဝါယမက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အနုမောဒနာတရားတော်များကို ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြက်၊ငှက်တုပ်ကွေး ကာကွယ်တားဆီးရေး ရွှေတောင်မြို့မဈေးကြီးအတွင်း စာစောင်ဖြန့်ဝေ

ရွှေတောင် မတ် ၂၂

ပဲခူးတိုင်း ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဒုတိယဦးစီးမှူး(အခွန်)ဒေါ်ဝါဝါမြင့်၊ ဈေးခေါင်း ဦးဂျွန်နော်လာတို့သည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆွေဆွေဝင်းတို့နှင့်အတူ မတ်၁၄ရက်နံနက်က ရွှေတောင်မြို့မဈေးကြီးအတွင်း ရောင်းချကြသည့် ကြက်၊ဘဲ အရှင်နှင့်အသားရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးကြည့်ရှုလျက် ကြက်၊ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် ကြက်၊ ဘဲ၊ ငှက်ရောင်းချသူ ဈေးသည်များအား ကြက်၊ ငှက်များ ရောဂါမဖြစ်ပွားရေး၊ လူများသို့ ရောဂါမကူးစက်ရေး၊ ဇီဝလုံခြုံရေး (သို့မဟုတ်)ရောဂါကာကွယ်ရေးတို့အတွက် ရှင်းလင်းပြောကြားပြီး ဈေးဝယ်ပြည်သူများပါ သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာဆီမီးစာကြည့်တိုက် ရေရှည်တည်တံ့ရေး သုတ၊ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

မြင်းမူ မတ် ၂၀

မြင်းမူမြို့နယ် စံတင်ကင်းကျေးရွာ ပညာဆီမီးစာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၁၁ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးညိုအုန်းက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာကြည့်တိုက်အဆောက်အအုံများ ဖြစ်ပေါ်လာရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဟောပြော

ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးစံရွှေ(စူးရှထက်မြက်)က စာဖတ်ပါ၊စာဖတ်ကြပါ၊အချိန်ရတိုင်းစာဖတ်ကြပါခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းအုပ်ဆရာကြီး ဦးတင်လင်းက စာကြည့်တိုက်နှင့်လူငယ်ခေါင်းစဉ်ဖြင့်လည်းကောင်း သိကောင်းစရာများကို ဟောပြောကြသည်။

လက်ခံယူ

ထို့နောက် ပညာဆီမီးစာကြည့်တိုက်သို့ စာအုပ်များပေးအပ်လှူဒါန်းကြရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညိုအုန်းက မဂ္ဂဇင်းနှင့် ဂျာနယ်စာအုပ်မျိုးစုံ၅၀၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးစံရွှေ (စူးရှထက်မြက်)က မဂ္ဂဇင်းစာအုပ် ၅၀၊ အခြေခံပညာမူလတန်းလွန် ကျောင်းအုပ်ဆရာကြီး ဦးတင်လင်းက သုတ၊ရသစာအုပ်မျိုးစုံ အုပ်၇၀တို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဆွေက လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မတ် ၂၁ရက်က အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအရှေ့ရပ်တွင် ရေဆိုးထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရန် မန္တလေးမြို့တော်စည်ပင်သာယာ ရေးဝန်ထမ်းများ ဆောင်ရွက်စဉ်။ (၁၆၂)

ရွှေဟင်္သာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရွှေကျင် မတ် ၂၃

ရွှေကျင်မြို့နယ်ဟင်္သာဝဲကျေးရွာတွင် မြေအလှူရှင် ဦးအယ်စေး- ဒေါ်မူကေးနှင့် အဆောက်အအုံ အလှူရှင် ဦးဖိုးတိုး-ဒေါ်လှရွှေတို့ လှူဒါန်းသောကျပ်သိန်း၂၀တန် ရွှေဟင်္သာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၁၆ရက် နံနက် ၁၁နာရီခွဲက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ကျင်းပသည်။

အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးရည်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးဌေးဝင်း၊ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဦးနှင့် အလှူရှင် ဦးဖိုးတိုးတို့က ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်သူတို့ပူးပေါင်း၍ ဆောင်ရွက်သော အင်းလျားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တိုင်းရင်းဆေးဝါး ဥပဒေများ ရှင်းလင်း

မိတ္ထီလာ မတ် ၂၀

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် တိုင်းရင်းဆေးကုဌာနက တိုင်းရင်းဆေးဝါး ဥပဒေများ ရှင်းလင်းပွဲကို မတ် ၁၀ရက် နံနက် ၉နာရီက မြို့နယ်တိုင်းရင်း ဆေးကုဌာနတွင် ကျင်းပရာ တိုင်းရင်းဆေးဆရာများ၊တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ၊တိုင်းရင်းဆေးအရောင်းဆိုင်များမှ ပိုင်ရှင်များတက်ရောက်ကြပြီး မြို့နယ်တိုင်းရင်းဆေးကုဌာန ဒုတိယ တိုင်းရင်းဆေးမှူး ဒေါ်ခင်ညိုဝင်းက တိုင်းရင်းဆေးဝါးဥပဒေများအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလ ကျောင်း ဟောင်း)အနောက်ဘက် တိုးချဲ့မြေ နှစ်ကေဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက် လုပ် ရန်အတွက် ဖခင်ကြီး ဦးအုန်းကြိုင် နှစ်နှစ်ပြည့်အားရည်စူး၍ ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၃)ရပ်ကွက် အင်းစိန်လမ်းမ အမှတ်(၁၀)နေ ဇနီး ဒေါ်မြမြဦးနှင့် သားသမီးများဖြစ်သော ကိုခင်မောင်ဌေး၊ မခင်မာသင်း၊ မအိအိကြိုင်၊ မောင်ကျော်သူကြိုင်၊ မောင်မျိုးမင်းကြိုင်၊ မြေးမမြင့်မြတ်မဥ္ဇူမောင် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရှမ်းပြည်နယ်(တောင်ပိုင်း) အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုး အသိပေးရှင်းလင်း၊ အသိအမှတ်ပြုလွှာနှင့် ရင်ထိုးတံဆိပ်များပေးအပ်

တောင်ကြီး မတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၀၇)အသိပေး ရှင်းလင်းပွဲ အခမ်းအနားကို မတ်၁၂ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်၊ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အသိပေး

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဦးစိုင်းခမ်းလှိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ မျိုးညွန့်ဦးတို့က အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်နှင့် မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်မည့် လုပ်ငန်းများကို အသိပေး ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများအား ပြန်လည်အသိအမှတ်ပြုလွှာနှင့် ရင်ထိုးတံဆိပ်များကို ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က ပေးအပ်ရာ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ပြည်နယ်အမျိုးသမီးရေးရာ)**

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

မန္တလေး မတ် ၂၂

မန္တလေးတိုင်း မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မြို့နယ်၊ ရပ်ကွက် အတွင်းရှိ နိုင်ငံပိုင်အလုပ်ရုံ စက်ရုံများ၊ အများပိုင် အလုပ်ရုံစက်ရုံများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ၊ ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် လုပ်ငန်းများ အရှိန်အဟုန်မပျက် လျင်မြန်စွာ ပညာပေး ဟောပြောခြင်း၊ စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မတ် ၁၅ ရက်က ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဦးသျှောင်ရပ် မဟာမုနိဘုရားကြီးကို တိုင်းဦးစီးမှူး ရဲကျော်စွာဝင်းမြင့်သည် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းကျော်၊ ခရိုင်အရန်မီးသတ် ကြီးကြပ်ရေးကော်မတီဝင်များနှင့် စစ်ဆေးကြသည်။

မှာကြား

ရှေးဦးစွာ ဂေါပကရုံးခန်းတွင် တိုင်းဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်ရေး ကိစ္စရပ်များကို ရှင်းလင်းမှာကြားပြီး ဂေါပကအဖွဲ့ဝင် ဦးစိန်ညွန့်နှင့် ရုံးအဖွဲ့မှူး ဦးအုံးရွှေတို့က ဘုရားပိုင် နယ်မြေအတွင်းရှိ ဆိုင်ခန်းများ ဝန်းကျင်မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားမှုများကိုရှင်းလင်းရာ တိုင်းဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

စစ်ဆေး

ထို့နောက် တိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့ ဦးဆောင်၍ ဂေါပက တာဝန်ရှိသူများဖြင့် အဖွဲ့သုံးဖွဲ့ခွဲ၍ ဘုရားဝန်းကျင်ရှိ ဆိုင်ခန်းများ၊ လျှပ်စစ်ဝိုင်ယာကြိုးသုံးစွဲမှု၊ ဘုရားမီး ပူဇော်မှု၊ မီးဖိုမီး သုံးစွဲမှု၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးထားရှိမှု၊ နေအိမ်ခန်းများ၊ အခိုင်အမာသံပန်း၊ သံတံခါးတပ်ဆင်မှု၊ အရေးပေါ် ဝင်ပေါက်ထွက်ပေါက်၊ ရေအလွယ်တကူရရှိမှုများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(၁၆၂)**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ပုဏ္ဏားကျွန်းမြို့ သာယာလမ်း (မြို့ပြ) ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်ထားရှိမှုကို မတ် ၁၀ ရက်က ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ရတနာဂုဏ်ရည် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

နတ်မောက် မတ် ၂၂

နတ်မောက်မြို့ ရန်အောင်မြင်ရပ်ကွက်ဦးကံထွန်း-(ဒေါ်ခင်စော)၊ ညီဦးမြတ်နိုင်မိသားစုတို့က နတ်မောက်မြို့နယ် ကျွဲမကျကျေးရွာတွင် ရတနာဂုဏ်ရည် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၅ရက် နံနက် ၈နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အကျိုးကျေးဇူး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းကိုက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးကျော်ဆွေက စာကြည့်တိုက်ဖွင့်လှစ်ရသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ကုန်ကျငွေ

အဆိုပါ စာကြည့်တိုက်မြေနေရာ၊ အဆောက်အအုံ၊ ပရိဘောဂနှင့် စာအုပ် ၃၅၀ ၏ ကုန်ကျမှုမှာ တန်ဖိုးငွေကျပ် ၁၂သိန်းဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

တပ်ကုန်းမြို့နယ် ဥက္ကဋ္ဌဖလား ဘော်လီဘောပြိုင်

တပ်ကုန်း မတ် ၁၀

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသည့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကျေးလက် ဘော်လီဘော နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲ ၂နာရီက အောင်ဆန်းအားကစားခန်းမ၌ ရွေးစုကျေးရွာ(က)အသင်းနှင့် ကင်မွန်းတန်းကျေးရွာ(က)အသင်းတို့ ယှဉ်ပြိုင်ကြရာ ရွေးစုကျေးရွာ(က)အသင်းက အနိုင်ရ ဗိုလ်စွဲသွားသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်မြို့ မြတ်စေတနာနှင့် မြတ်မေတ္တာသူနာပြုအကူသင်တန်းမှ ဆရာမ ဒေါ်နိုင်ဝါမြင့်၊ ဒေါ်ဥမ္မာဝင်း၊ ဒေါ်ဖြိုးမွန်ရည်နှင့် သင်တန်းသူများက သတ္တမအကြိမ် လစဉ်လှူဒါန်းငွေကျပ် ၁၅၀၀၀ကို အမှတ်(၂) လမ်းမကြီးပေါ်ရှိ ဦးလှထွန်း(မေတ္တာရိပ်မွန်) ကင်ဆာဖောင်ဒေးရှင်းမှ အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြို့နယ် သတင်းများ

မိုင်းယောင်းမြို့ ရပ်ကွက် (၂) နမ့်မိန် - ဝမ်ဒန်ရေနုတ်မြောင်း တူးဖော်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ဆောင်ရွက်ရာ မတ် ၁၅ရက်က အမှုဆောင်အရာရှိ ဦးတင်မောင်သိန်း ကြီးကြပ်ပေးစဉ်။
(မြို့နယ်စည်ပင်)

သီပေါမြို့နယ်၌ အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံ

သီပေါ မတ် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်တွင် အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးရေး အစီအစဉ်အရ မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ မတ် ၁၇ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးစုရပ် တစ်ခုဖြစ်သည့် ဇာတ်စုရပ်ကွက်တွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌဦးခင်ကြည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ကျင်မြနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဒေါ်ရီရီထွေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပါဝင်ကူညီ ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ကာကွယ်

သီပေါမြို့နယ်တွင် အသက်ကိုးလမှ ငါးနှစ် အတွင်းရှိ ကလေးငယ်များအားလုံး အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးများကို မတ် ၁၇ ရက်မှ ၃၀ ရက် အထိ အပြီးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုပ် သုမ္မောရာမ ပရိယတ္တိစာသင်တိုက်ကြီးအတွင်း ပြန်လည်ပြုပြင်နေသော သုဝဏ္ဏဝတီ သုံးထပ်ရွှေကျောင်းတော်ကြီးအတွက် ဦးအင်စို-ဒေါ်ဝက်၊ သားသမီးတစ်စု ဘူတာရုံလမ်းက ငွေကျပ်သုံးသိန်းကို ပဓာနဆရာတော် ဦးဥတ္တမသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပင်းတယ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားပွဲဖွင့်

ပင်းတယ မတ် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့နယ် ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားတပေါင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၇နာရီက ဘုရားတပေါင်းပွဲတော် မဟာမုနိမဏ္ဍပ်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကိုကြွရောက်တော်မူလာကြသော ဆရာတော်၊သံဃာတော်အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီးမြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ အနုမောဒနာတရားနာယူကာရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။ **(မြို့နယ် ပြန်/ဆက်)**

အနန္တော အနန္တ ငါးပါးကို ဦးထိပ်ထား၍ ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် (၆)ရပ်ကွက် ကျိုက်ဝိုင်း ဘုရား လမ်း (၁) ပေါက် စေတီ လမ်း သွယ် နေ (ဗိုလ်မှူးသန်းဆွေ)-ဒေါ်စိန်မြိုင် နှင့် သား သ မီး၊ မြေး တစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါ လမ်း မင်း ကွန်း ဆရာတော်ကြီး ၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိုက်၂ အခန်း ၆၀၃ အောင်ဇေယျရိပ်မွန် အလုံမြို့နယ်နေ ဒေါ်စန်း၊ ဦးအောင်သွင်-ဒေါ်လှလှသန်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင်အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့်က လက်ခံယူစဉ်။ (က-ပ)

စဉ့်ကူးမြို့နယ် ထွေ/အုပ် ဦးစီးဌာန ဝန်ထမ်းများ တူညီဝတ်စုံပေးအပ်

စဉ့်ကူး မတ် ၂၀

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား တူညီဝတ်စုံပေးအပ်ပွဲကို မတ် ၁၃ရက် မွန်းလွဲ ၂နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး၊ မြို့နယ်ဒုတိယဦးစီးမှူး ဦးလှထွန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက တူညီဝတ်စုံပေးအပ်ရသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးကဝန်ထမ်း ၂၀အတွက် ငွေကျပ် ၂၃၇၀၀၀တန်ဖိုးရှိ တူညီဝတ်စုံ၂၀ကိုဝန်ထမ်းများကိုယ်စားမြို့နယ်ဒုတိယဦးစီးမှူး ဦးလှထွန်းထံပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဟားခါးမြို့ ကျင်နွဲမိတ်သဟာယ စာကြည့်တိုက်ဖွင့် အလှူငွေနှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ဟားခါး မတ် ၂၇

ချင်းပြည်နယ် ဟားခါးမြို့ ကျင်နွဲမိတ်သဟာယစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ရက် နံနက် ၈နာရီက ကျင်နွဲခရစ်ယာန် မိတ်သဟာယအဖွဲ့ ဘုရားကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ သင်းအုပ်ဆရာမ ဝဲမ်ခေါမ်ညောင်ကစာကြည့်တိုက်ကို ဆက်ကပ်ဆုတောင်းပြီး ပြည်နယ်ဥပဒေအရာရှိ ဦးသွန်ဝုတ်ကျင့်နှင့် ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြည်နယ်ဥပဒေအရာရှိ ဦးသွန်ဝုတ်ကျင့်၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်နှင့် ပြည်နယ်ယဉ်ကျေးမှုလက်ထောက်ညွှန်ကြားရေးမှူးဦးအွန်ခန့်ကပ် (စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ)တို့က အမှာစကား ပြောကြားကြသည်။

လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အခြားအလှူရှင် သုံးဦးတို့က အလှူငွေကျပ်၄၅၀၀၀၊စာအုပ်အလှူရှင်၁၅ဦးတို့က စာအုပ်မျိုးစုံ စုစုပေါင်းစာအုပ်၈၇၀ တန်ဖိုးငွေကျပ် တစ်သိန်းတစ်သောင်းကျော်ဖိုးကို လှူဒါန်းကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

စက်ပြင်အလုပ်ရုံထူထောင်ပြီး ယာဉ်၊ ယန္တရားများပြုပြင်

ကချင်ပြည်နယ် မတ် ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှစက်မှုအင်ဂျင်နီယာများအားအဖွဲ့ပိုင် ယာဉ်၊ စက်၊ယန္တရားများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ တာဝန်ပေးအပ်ချက်အရ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်သာစက်ပြင် အလုပ်ရုံ ထူထောင်ပြီးစက်မှုအင်ဂျင်နီယာများ၏ ကြီးကြပ်မှုဖြင့် ယာဉ်စက်ယန္တရားများ ပြုပြင် ဆောင်ရွက်နေခြင်းကို ဦးကျော်စိုး ညွှန်ကြားရေးမှူး (အင်/ယာ)၊ စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)နှင့် ပြည်နယ် ညွှန်ကြားရေးမှူးဦးတင်ချိုတို့သည် မတ် ၁၉ရက်က သွားရောက်စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း မှာကြားခဲ့သည်။**(ဝဲပုံ)**

(ပြည်နယ်စည်ပင်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

မတ္တရာ မတ် ၂၃

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် မတ်၁၆ရက် နံနက်၉နာရီက စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းစည်းကမ်းများကို ဖတ်ကြားသည်။

ကြာမြင့်

အဆိုပါအခမ်းအနားသို့ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ တစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရောဝတီတိုင်း ရေကြည်မြို့နယ် အသုတ်မြို့ နှစ်ကျိုပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် အသုတ်မြို့လုံးဆိုင်ရာ ဘုရားဒါယကာ၊ ဘုရားဒါယိကာမများ စုပေါင်း၍ လှည့်လည်ပူဇော်ပွဲတွင် နှစ်ကျိုပ်ရှစ်ဆူဂေါပကအဖွဲ့နာယက သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်
၂-၄-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား
(မုံရွာစက်မှုဇုန်ထုတ် ချင်းတွင်းစတားမော်တော် ယာဉ်ထုတ်လုပ်မှုအကြောင်း)

၁၁:၄၀ သုတစုံစွာ သိမှတ်စရာ
(လမ်းလျှောက်လေ့ကျင့်ခြင်း၏ အကျိုးကျေးဇူး-သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ (ပြည်တွင်း)

၁၂:၂၅ အားကစားသတင်းပဒေသာ

၁၂:၃၅ သီချင်းကြိုးပဒေသာ
(၁) မြချည်သံစောင်းတော်ဘွဲ့နှင့် ကလပ်ကြီးကြိုး (ကိုမြသောင်း)
(၂) ဇမ္ဗူကျွန်းလုံး သီချင်းခန့်(ခင်ခင်ငြိမ်း)

ညနေပိုင်း

၁၆:၁၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) တောက လုံမေ (တွံတေးသိန်းတန်)
(၂) မြင်းလှည်းလေးနဲ့ခေါ်(မျိုးလှိုင်၊ ခင်ယုမေ)
(၃) ကျွန်မတို့ရွာသာယာ(ချစ်စပယ်)

၁၆:၃၀ နိုင်ငံစီးပွား ကျေးလက်ထုတ်ကုန်များ
(လှပခံ့ညား ဆိပ်ခွန်ကျေးရွာက ချည်ထည်များ)

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)

၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ
(စွယ်စုံအသုံးဝင် ငှက်ပျောပင်-အင်ကြင်း)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ်
(ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ ဆိုင်းအဖွဲ့
(မဟာရန်ကုန် စိန်ကြည်မိုးဆိုင်းအဖွဲ့)

၂၀:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်သူရှေ့မှောက်ရောက်လေသောအခါ (ခင်မောင်ကြည်)
(၂) ကြင်သူမေ့လျှင် ခက်ချေမည် (အေဝမ်းတင်တင်လှ)
(၃) တမ်းတမိလေ လွမ်းရလေ (လှမြင့်ဝင်း)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မတ် ၃၁ရက်က နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ကျင်းပသော ကံထူးရှင်ရွေးချယ်ပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ ဈေးပွဲခင်းနှင့် စတုဒိသာကျွေးမွေးပွဲတွင် ဖွင့်လှစ်ရောင်းချပေးသောပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ဝန်ကြီး ဦးအောင်သောင်း ပဲခူးတိုင်း စက်ရုံများကြည့်ရှုစစ်ဆေး နိုင်ငံတော်စီမံကိန်းစက်ရုံများ တိုးတက်အောင်ဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၃၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၈နာရီခွဲတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ ရေနီအမှတ်(၂) စက္ကူစက်ရုံအနီး အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း တစ်နေ့တန် ၈၀ စက္ကူညိုစက်ရုံနှင့် တစ်နေ့တန် ၅၀ ဓာတုစက်ကြိတ်ပျော့ဖတ်စက်ရုံ စီမံကိန်း(ရေနီ)စီမံကိန်းသို့ ရောက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည်စီမံကိန်းလုပ်ငန်းအတွက် တပ်ဆင်အသုံးပြုရန် ရောက်ရှိနေသော စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် လုပ်ငန်းခွင်အတွင်း သစ်ဖြတ်စ ပြုပြင်ရေးအဆောက်အအုံ၊ သစ်ပျော့ဖတ်ပြုပြင်ရေးအဆောက်အအုံ ဝါးချက်အိုးနှင့် ရေဆေးဌာန အဆောက်အအုံ၊ ဓာတ်ဆားပြန်ထုတ် ဘွိုင်လာဌာနများ၏ အဆောက်အအုံ တည်ဆောက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး သတ်မှတ်ကာလတွင် ပြီးစီးအောင် တည်ဆောက်ကြရန် မှာကြားသည်။

ကြိုတင်စီမံ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပဲခူးတိုင်း ဇေယျာဝတီမြို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဇေယျာဝတီသကြားစက်ရုံသို့ရောက်ရှိပြီး ကြိတ်လုံးဌာန၏ စက်ပစ္စည်းများပြုပြင်တပ်ဆင်မှုများကို လည်းကောင်း၊ တွင်ခုံစက်ကြီးများဖြင့် အချောသပ်လုပ်ကိုင်နေမှုကို လည်းကောင်း၊ ဘွိုင်လာဌာနရှိ ပိုက်လိုင်းများပြုပြင်တပ်ဆင်နေမှုများကိုလည်းကောင်း၊ မော်တာဒိုင်နမိုများ ပြုပြင်မှုများကို အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကြံရာသီ မရောက်မီ စက်လည်ပတ်နိုင်ရန်အတွက် ယခုကတည်းက ကြိုတင်စီမံဆောင်ရွက်မှုများ ပြုလုပ်ထားကြရန် မှာကြားသည်။

ထို့နောက် စက်ရုံမှူးနှင့် တာဝန်ရှိသူများက အိုင်တုံကွမ်းကြံဧက ၁၀၀၀ စီမံကိန်း၏ စိုက်ပျိုးမည့်အခြေအနေနှင့် စိုက်ပျိုးရေရရှိနိုင်မှုနည်းလမ်းများကို တင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက် မှာကြားသည်။

တင်ပြ

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ စားသောက်ကုန် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်း လိုက်ပါ၍ ပဲခူးတိုင်း ဒိုက်ဦးကော်မှုန့်စက်ရုံသို့ ရောက်ရှိရာ စက်ရုံ ရှင်းလင်းခန်းမဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက ပီလောပီနံ စိုက်ပျိုးထားရှိမှုနှင့် စိုက်ပျိုးမြေများ ပြုပြင်မှုနှင့် ရေရရှိနိုင်မှု၊ ဂလူးကို့စ် ထုတ်လုပ်မှု အခြေအနေများကို တင်ပြကြပြီး ဝန်ကြီးက နိုင်ငံတော်စီမံကိန်းများကို တိုးတက်အောင် ဆောင်ရွက်ကြရန်နှင့် အနီးကပ်ကွပ်ကဲဆောင်ရွက်မှုများပြုလုပ်သွားကြရန် လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

NLD ဌာနချုပ်သို့ အမေရိကန်နှင့်ဗြိတိန်သံရုံးတို့က နေ့စဉ်ဝင်/ထွက်ဆက်သွယ်နေ ၂၀၀၇ခုနှစ် မတ်လအတွင်း ၎င်းသံရုံးနှစ်ခုမှ (၂၉)ကြိမ်ဝင်ရောက်မှုရှိခဲ့ NLD ဗဟိုသည် ပါတီဝင်တို့နှင့်ပြည်သူတို့၏သဘောထားများကို အလေးဂရုပြု၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံနှင့်လူမျိုးအား နယ်ချဲ့ကျွန်ဘဝ၊ ကိုလိုနီနောက်မြီးဆွဲဘဝသို့ ပို့ဆောင်လျက်ရှိ

ရန်ကုန် မတ် ၃၁

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဗဟိုသည် ပြည်တွင်းရှိ ပါတီဝင်တို့၏သဘောထား၊ မြန်မာပြည်သူတို့၏ သဘောထားများကို အလေးဂရုပြု၍ နိုင်ငံတော်အစိုးရနှင့်လက်တွဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းမပြုဘဲ တစ်မျိုးသားလုံး နယ်ချဲ့ကျွန်ဘဝ၊ ကိုလိုနီနောက်မြီးဆွဲဘဝသို့ရောက်အောင် ပို့ဆောင်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများ(အထူးသဖြင့်) အနောက်တိုင်းနိုင်ငံကြီးများကို အားထားမှီခိုလွန်းလျက်ရှိကြောင်း၊ ယင်းပါတီ၏ လုပ်ရပ်များက သက်သေပြလျက်ရှိသည်။

NLDဗဟိုအနေဖြင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ယင်းသံရုံးများမှတစ်ဆင့် ညွှန်ကြားချက်များရယူပြီး နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း နာခံလိုက်နာလုပ်ဆောင်လျက်ရှိသည်ဟု ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး ၎င်းတို့၏ဆက်သွယ်ဆောင်ရွက်မှုများကို မပြတ်ကြည့်ရှုသတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့၏ ဇန်နဝါရီလအတွင်း ဝင်ထွက်မှု ၃၄ ကြိမ်၊ ဖေဖော်ဝါရီလအတွင်း ဝင်ထွက်မှု ၁၈ကြိမ်ရှိခဲ့ကြောင်း သတင်းများထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

မတ်လအတွင်း အမေရိကန်နှင့် ဗြိတိန်သံရုံးတို့မှ NLD ဌာနချုပ်သို့ (၂၉)ကြိမ်လာရောက်၍ NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ပန်းခြံအား အများပြည်သူများကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် ဆက်လက်ဖွင့်လှစ်ပေးထား

နေပြည်တော် မတ် ၃၁

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းအတွင်းရှိ တပ်မတော်ပန်းခြံအား မတ်၂၇ရက်မှ စတင်ဖွင့်လှစ်ပြသလျက်ရှိရာ ဧပြီ ၅ရက်အထိဆက်လက် ဖွင့်လှစ်ပေးထားမည်ဖြစ်ပြီး နံနက်၇နာရီမှည၉နာရီအတွင်း အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



တရုတ်နိုင်ငံ ဂျီလင်မြို့ရှိ ပက်ထရိုချိုင်းနား ရေနံကုမ္ပဏီပိုင် ရေနံသန့်စင်စက်ရုံ။

နိုင်ငံတကာသတင်း (စာ - ၄)

မြန်မာ့အလင်း

သတင်း၊ ဆောင်းပါး အညွှန်း

အပူအအေး ရာသီ အစဉ်သတိပြုကာကွယ်

သစ်ပင်စိုက်ခြင်းဖြင့် မိမိလည်းအေးမြ၊ ခရီးသွားများလည်း အေးမြသော အရိပ်ရ၍ ကုသိုလ်ထူးရရှိစေသည်။ သစ်တောသစ်ပင်များဖြင့် ပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေပါသည်။

ဒေါက်တာဒေါ်မြသန်း(တက္ကသိုလ်များဆေးရုံ)၏ ဆောင်းပါး (စာ - ၁၀)

မန်ယူကို အောင်မြင်မှုများရရှိရန် အဓိက စွမ်းဆောင်ပေးနေသော စီရိုနယ်ဒို။

မောင်ချစ်ကြည်၏ဆောင်းပါး (စာ - ၁၂)

1-4 (20) 1 4/1/07, 1:35 PM